

❐ ရှေ့ဖုံးမှ

အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာ၌ ကုလသမဂ္ဂ ညီလာခံတွင် ဈေးကွက်ဖြိုးလက်နက်ဖျက်သိမ်းရေး ဆုံးဖြတ်ချက်တစ်ရပ်ကို မြန်မာနိုင်ငံမှ ကမကထပြုတင်သွင်းခဲ့ပြီး ကမ္ဘာ့နိုင်ငံအများအပြား၏ ထောက်ခံမှုဖြင့် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်နိုင်ခဲ့ပါကြောင်း၊ ယင်းအပြင် နျူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ်နှင့် စပ်လျဉ်းသည့် နောက်ဆက်တွဲစာချုပ်တစ်ရပ်ကိုလည်း အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် မကြာသေးခင်က လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာကြီး၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ဖြစ်စဉ်၊ ဖြစ်ရပ်များသည် ကမ္ဘာ့နိုင်ငံအားလုံးအပေါ်တွင် အနည်းနှင့်အများ အကျိုးသက်ရောက်မှုဖြစ်ပေါ်စေသကဲ့သို့ ကမ္ဘာ့ပြည်သူများ၏ နေ့စဉ်ဘဝအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိစေခဲ့ပါကြောင်း၊ အထူးသဖြင့် သိပ္ပံနှင့်နည်းပညာများ၊ သတင်းအချက်အလက်နည်းပညာများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာ့ပြည်သူများအကြား ချိတ်ဆက်မှုကို တိုးပွားစေပါကြောင်း၊ထို့အပြင် လူမှုကွန်ရက်များမှတစ်ဆင့်လည်း ကမ္ဘာ့လူသားတစ်ဦးချင်းစီကို ပိုမိုနီးကပ်လာစေပါကြောင်း။

နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ဈေးကွက်အသစ်များ ဖြစ်ပေါ်လာမှု၊ ကမ္ဘာ့လူဦးရေတိုးပွားမှု၊ သယံဇာတအပေါ် ယှဉ်ပြိုင်မှုများကြောင့် ဖြစ်ပေါ်လာသည့် ပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအန္တရာယ်ပေးမှု၊ နယ်စပ်ဖြတ်ကျော်ဒုစရိုက်မှုစသည့် စိန်ခေါ်မှုပေါင်းများစွာ ဖြစ်ပွားလျက်ရှိပါကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဖြင့်သော်လည်းကောင်း၊ ကုလသမဂ္ဂ၏ မြင့်မြတ်သည့်မူများထိန်းသိမ်းခြင်းဖြင့် တူညီသည့် ရည်မှန်းချက်များ ပေါက်မြောက်ရေးဆောင်ရွက်ရာတွင်လည်းကောင်း ကုလသမဂ္ဂအဖွဲ့ကြီးသည် ဦးဆောင်ဦးရွက်ပြုသည့်အခန်းကဏ္ဍမှာ ပါဝင်နေပါကြောင်းဖြင့် ပြောကြားသည်။

ထို့အပြင် မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍပေါင်းစုံ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်လျက်ရှိရာ တိုးတက်မှုများလည်း ရရှိနေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ထူးခြားမှုများအပါအဝင် သမိုင်းကြောင်းသင်ခန်းစာအရ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူမျိုးရေးကွဲပြားမှု အခြေအနေကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခဲ့



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ (၆၈)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ဖတ်ကြားစဉ်။

(သတင်းစဉ်)

ရသည့် အပြင် အခြားနိုင်ငံများ၏ အကောင်းဆုံး လုပ်နည်း၊ လုပ်ဟန်များကိုလည်း လေ့လာလုပ်ဆောင်လျက် ရှိပါကြောင်း။

ဒီမိုကရေစီနိုင်ငံသစ်တွင် တိုင်းရင်းသားပေါင်းစုံ နိုင်ငံရေးအသွေးအရောင်ပေါင်းစုံဖြင့် ငြိမ်းချမ်းမှုနှင့် သဟဇာတဖြစ်မှုကိုအခြေခံနေထိုင်ကြရပြီး ဒေသအသီးသီးမှ တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ခေတ်သစ်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များသည် ပြည်သူအကျိုးကို ဦးတည်ပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သတင်းမီဒီယာလွတ်လပ်ခွင့် ပိုမိုရရှိလာသည်နှင့်အမျှ အစိုးရ၏လုပ်ငန်းအပေါ်တွင် ပြည်သူနှင့် မီဒီယာမှ အပြုသဘောလွတ်လွတ်လပ်လပ်ဝေဖန်မှုများ ရှိနေခြင်းသည် တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကိုလည်း ဖြစ်ပေါ်စေပါကြောင်း။

နိုင်ငံတော်အနေဖြင့် အကျဉ်းကျခံနေရသူများကို လွတ်ငြိမ်းချမ်းသာခွင့် အကြိမ်ကြိမ်ပေးခဲ့ပြီး မကြာခင်က ဖွဲ့စည်းခဲ့သည့် လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီအနေဖြင့် လက်ကျန်အကျဉ်းသားအားလုံး လွှတ်ပေးနိုင်ရေးကို ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ နှစ်ပေါင်း ၆၀ ကျော်အတွင်းက နိုင်ငံတော်အစိုးရများအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ခေတ်အဆက်ဆက်က ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိစေရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းလုပ်ငန်းစဉ်များကို ပြည်သူများ၏ အင်အားပါဝင်မှု၊ နိုင်ငံတကာမိတ်ဖက်များ၏ အကူအညီ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂနှင့် မိမိတို့၏ မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အကူအညီပေးနေသည့်အပြင် ပင်ရင်းဒေသမှ ပြောင်းရွှေ့နေထိုင်ရသူများအတွက်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်လျက်ရှိရာ ထိုသို့သော ကူညီမှုများအတွက် ကျေးဇူးတင်ရှိကြောင်းကို ဖော်ပြလိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များနှင့်အတူ ၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုနှုန်းကို ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်အောင် ဆောင်ရွက်နေပါကြောင်း၊ ယင်းသို့လျှော့ချနိုင်အောင် ချမှတ်ထားသည့် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းမူဘောင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် ကျော်လွန်သည့်ကာလအတွင်းမှာလည်း ဆင်းရဲမှုလျှော့ချရေးနှင့် ပပျောက်ရေးကို ဦးစားပေးအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ (၆၈)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဖတ်ကြားသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းထံမှ ပေးပို့သော သဝဏ်လွှာကို မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဌာနေညှိနှိုင်းရေးမှူး Mr. Ashok Nigam က ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒေါက်တာကိုကိုဦးနှင့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးတို့က (၆၈)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂနေ့အထိမ်းအမှတ် စာစီစာကုံးဆုရရှိသူများကို ဆုများပေးအပ်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဧည့်သည်တော်များသည် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မှတ်တမ်းတင်ဓာတ်ပုံများနှင့် ဆုရကျောင်းသား ကျောင်းသူများ၏ စာစီစာကုံးများကို ကြည့်ရှုအားပေးကြသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးသည့်အချိန်မှစပြီး လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခဲ့သည်။ ထိုမူဝါဒနှင့်အညီ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာစံနှုန်းများကို လိုက်နာခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် ကုလသမဂ္ဂအဖွဲ့ကြီး၏(၅၈)ခုမြောက်အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး ပြည်တွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များတွင် ကုလသမဂ္ဂနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းထံမှ ပေးပို့သော သဝဏ်လွှာကို မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဌာနေညှိနှိုင်းရေးမှူး Mr. Ashok Nigam ဖတ်ကြားစဉ်။

(သတင်းစဉ်)

အဲကွန်းနှစ်ထပ်ဘတ်(စ်)ကား ပြေးဆွဲခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၄

မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများ မြို့တွင်းခရီးသွားလာရေး ယာဉ်ကြောပိတ်ဆို့မှုကို မြို့တွင်းသွားခရီးသည်တင် ပထမတန်းစား အဲကွန်းနှစ်ထပ်ဘတ်(စ်)ကားများ ပြေးဆွဲခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုများကို ကျော်လွှားဖြေရှင်းနိုင်မည် ဖြစ်သည်။

ရန်ကုန်မြို့တွင်း BRT ကား(နှစ်တွဲ) ခရီးသည်တင် မော်တော်ယာဉ်များ ပြေးဆွဲရန် စီစဉ်လျက်ရှိသော်လည်း မြို့တွင်းလမ်းများ အခြေအနေကောင်းမွန်မှုနည်းပါးခြင်းကြောင့် ပြေးဆွဲနိုင်ခြင်းရွှေ့ဆိုင်းထားစဉ် Yangon Air Bus-Taxi ဘတ်(စ်)ကားလိုင်းသစ်မှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့အမီ ရန်ကုန်မြို့တွင်း အစီး ၅၀ နှင့် မန္တလေးမြို့တွင်း အစီး ၃၀ ခရီးသည် ၈၀ လိုက်ပါနိုင်သော ဘတ်(စ်)ကားများကို စတင်ပြေးဆွဲနိုင်ရေး ထိုင်း၊ မြန်မာ၊ စင်ကာပူ၊ ဟောင်ကောင် လေးနိုင်ငံတို့မှ မော်တော်ယာဉ် ပထမတန်းစားအဲကွန်းဘတ်(စ်)ကား ထုတ်လုပ်ရေးကုမ္ပဏီများနှင့် ညှိနှိုင်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြို့တွင်း ပထမတန်းစား အဲကွန်းနှစ်ထပ်ဘတ်(စ်)ကား ပြေးဆွဲပါက အပြည်ပြည်ဆိုင်ရာခရီးသွားအဆင့်အတန်းအမီ ကုမ္ပဏီဝန်ဆောင်မှု အပြည့်အဝနှင့် ခရီးသည်များ၏ စိတ်ကျေနပ်အားရပျော်ရွှင်မှုနှင့်အတူ ကျောင်းသား ကျောင်းသူများ၊ ရုံးသားရုံးသူများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် နေ့စဉ်ဘတ်(စ်)ကားစီးခရီးသည်များ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ လိုရာခရီးသို့ အချိန်မှန်ရောက်ရှိမည့်၊ ယာဉ်ကြောပိတ်ဆို့မှုကင်းဝေးမည့် ယဉ်ကျေးပျူငှာစွာ ယာဉ်ဝန်ထမ်းများဆက်ဆံမှုကို ခံယူထိုက်သော ခရီးသွားပြည်သူများ၏မေတ္တာစေတနာဆုမွန်ကောင်းများ ဧကန်မလွဲရရှိခံစားစံစားကြရမည်ဖြစ်ကြောင်း သိရသည်။

လေသူရဲကောင်း (မိတ္ထီလာ)

နိုင်ငံခြားသားအားကစားသမားများ အာမခံနှင့် ကမ္ဘာလှည့်ခရီးသွားအာမခံ ထားရှိနိုင်

ရန်ကုန် အောက်တိုဘာ ၂၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ လာရောက်ကြမည့် နိုင်ငံခြားသားအားကစားသမားများ မြန်မာ့အာမခံလုပ်ငန်းတွင် အားကစားအာမခံထားရှိနိုင်ကြောင်း၊ အာမခံနှုန်းထားအနေဖြင့် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ ဖြစ်ပြီး နိုင်ငံခြားသားအားကစားသမားများ၊ နည်းပြ အုပ်ချုပ်သူများအနေဖြင့် မြန်မာ့အာမခံလုပ်ငန်းတွင် လာရောက်လျှောက်ထားလိုပါက မိမိရောက်ရှိသည့်ရက်မှ အားကစားပွဲပြီးဆုံးသည့်ကာလအထိ အာမခံထားရှိရမည်ဖြစ်ပြီး ယင်းကာလအတွင်း ထိခိုက်မှုတစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ပါက အများဆုံးလျော်ကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ပေးလျော်သွားမည်ဖြစ်ရာ သာမန်ထိခိုက်မှုများအတွက် ရာခိုင်နှုန်းအချိုးကျသတ်မှတ်ပေးလျော်သွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာ့အာမခံလုပ်ငန်းတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားအာမခံထားရှိသူ ၅၉၉ ဦးရှိရာ ပရီမီယံကြေးကျပ် ၅၉ သိန်းကျော်ရရှိခဲ့ပြီး လျော်ကြေးတစ်စုံတစ်ရာပေးလျော်ခဲ့ရခြင်းမရှိကြောင်း၊ အာမခံထားရှိမည်ဆိုပါက ခရီးသည်ပတ်စ်ပို့နံပါတ်၊ ခရီးစဉ်ဇယားတို့နှင့်အတူ သက်ဆိုင်ရာအေဂျင်စီမှ ခရီးစဉ်မစတင်မီ လာရောက်ထားရှိရမည်ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားအာမခံကို မြန်မာကျပ်ငွေဖြင့် တစ်ယူနစ်ကျပ်ငါးသိန်းမှ ယူနစ်နှစ်ဆယ် ကျပ်သိန်းတစ်ရာအထိ ဝယ်ယူနိုင်ကြောင်း၊ တစ်ယူနစ် အာမခံတန်ဖိုးကျပ် ငါးသိန်းထားရှိခြင်းအတွက် တစ်ပတ်လျှင် အာမခံပရီမီယံကြေးကျပ် ၅၀၀၊ နှစ်ပတ်လျှင် အာမခံ ပရီမီယံကြေးကျပ် ၁၀၀၀၊ လေးပတ်လျှင် အာမခံပရီမီယံကြေး ကျပ် ၂၀၀၀ တို့ဖြစ်ကြောင်းသိရသည်။

ခရီးသွားအာမခံဝယ်ယူထားသူများအနေဖြင့် ခရီးသည်များ ယာဉ်စီးနင်းလိုက်ပါစဉ် ယာဉ်ကြောင့်သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ သေဆုံး၊ ဒဏ်ရာရခြင်းအတွက် ဝယ်ယူထားသည့် ယူနစ်အလိုက်လျော်ကြေးရရှိနိုင်မည်ဖြစ်ကြောင်း၊ လျော်ကြေးအကျုံးမဝင်သည့် အချက်များရှိပြီး ရူးသွပ်ခြင်း၊ မိမိကိုယ်မိမိ သေကြောင်းကြံစည်ခြင်း၊ တမင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို ထိခိုက်ဒဏ်ရာရရှိစေခြင်း စသည့်အချက်များအပါအဝင် စည်းကမ်းချက်များနှင့် မညီညွတ်ပါက ပေးလျော်မည်မဟုတ်ကြောင်း အဆိုပါလုပ်ငန်းဌာနမှသိရသည်။

(အေးကို-သတင်းစဉ်)

မြို့တွင်းတစ်နာရီ
မိုင် ၃၀ ထက်ပိုမမောင်းရ

ဒရုန်းလေယာဉ်တိုက်ခိုက်မှုများ ရပ်ဆိုင်းရန် ပါကစ္စတန်ဝန်ကြီးချုပ်က အိုဘားမားကို ပြောကြား

ဝါရှင်တန် အောက်တိုဘာ ၂၄

အမေရိကန်ပြည်ထောင်စုနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ဆက်ဆံရေးတင်းမာရခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်သည့် ပါကစ္စတန်နိုင်ငံအတွင်း မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခြင်းအား ရပ်ဆိုင်းပေးပါရန် ဝန်ကြီးချုပ် နာဝပ်ရှုရစ်ဖ်က သမ္မတ ဘာရက်အိုဘားမားကို ပြောကြားခဲ့ကြောင်း ကြာသပတေးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဗုဒ္ဓဟူးနေ့က အိမ်ဖြူတော်၌ ခေါင်းဆောင်နှစ်ဦး တွေ့ဆုံကြရာတွင် နှစ်နိုင်ငံအကြား မကြာခဏ တင်းမာမှုဖြစ်ပွားလျက်ရှိသော ဆက်ဆံရေးကို ခိုင်ခိုင်မာမာ ရှိစေရန် ကတိကဝတ်ပြုကြသည်။

ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသည့် ကက်ရှ်မီးယားဒေသနှင့် ပတ်သက်၍ အိန္ဒိယနှင့် ပါကစ္စတန်တင်းမာမှုကိုလည်း ဆွေးနွေးခဲ့ကြသည်။

အမေရိကန် ပြည်ထောင်စုနှင့် ပါကစ္စတန်နိုင်ငံတို့သည် အရေးကြီးသော မဟာဗျူဟာမြောက်မိတ်ဖက်များအဖြစ် ဆက်လက်တည်ရှိမည်ဖြစ်ကြောင်း သမ္မတ အိုဘားမားက ပြောကြားသည်။

ကက်ရှ်မီးယားရှိ အိန္ဒိယနယ်စပ်ကင်းစခန်းများကို ပါကစ္စတန်တပ်များက သေနတ်များ၊ မော်တာများဖြင့် ပစ်ခတ်သည်ဟု အိန္ဒိယက စွပ်စွဲပြီးနောက် နာရီပိုင်းအကြာ အိမ်ဖြူတော်ရှိသမ္မတ၏ ရုံးခန်းတွင် ၎င်းတို့နှစ်ဦး တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဘီဘီစီ။

ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှုရစ်ဖ်နှင့် အမေရိကန်သမ္မတအိုဘားမားတို့ အိမ်ဖြူတော်၌ တွေ့ဆုံကြစဉ်။

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း၌ မီးတောင်တစ်လုံးပေါက်ကွဲ

မီဒန်(အင်ဒိုနီးရှား) အောက်တိုဘာ ၂၄

ယခုလအစောပိုင်းမှစ၍ ကောင်းကင်ယံအတွင်းသို့ အခိုးအငွေ့များနှင့် ပြာမှုန်များ ထုတ်လွှတ်မှုဖြစ်ပွားပြီးနောက် အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းရှိ မီးတောင်တစ်လုံးပေါက်ကွဲမှု ယနေ့ဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက အောက်တိုဘာ ၂၄ရက်တွင် ပြောကြားသည်။

ထိခိုက်မှုမသိရ

အင်ဒိုနီးရှားနိုင်ငံမြောက်ဆူမားတြားပြည်နယ်တွင် တည်ရှိသော ဆီနာဘန်း အမည်ရှိ မီးတောင်ပေါက်ကွဲမှုကြောင့် လေထုအတွင်း သုံးကီလိုမီတာမျှရှိသည့် မီးခိုးမည်းများ လွင့်ပျံခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် ထိခိုက် ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုများကို မသိရှိရသေးကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမြင့်မီတာ ၂၆၀၀ရှိ မီးတောင်က ပြာမှုန်များမှုတ်ထုတ်မှုကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်နေသော ကျေးရွာများမှ လူဦးရေ ၃၃၀၀ ကျော်ကို အာဏာပိုင်များက ပြောင်းရွှေ့ပေးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ကာရိုခရိုင်အတွင်းရှိ ယင်းမီးတောင်၏ သုံးကီလိုမီတာပတ်လည် အကွာအဝေးအတွင်း ကျေးရွာနှစ်ရွာတည်ရှိသည်။ အင်ဒိုနီးရှားအာဏာပိုင်များက ကမ္ဘာလှည့်ခရီးသွားများအား အဆိုပါမီးတောင်ထိပ်ဝမှ ၁ ဒသမ ၅ကီလိုမီတာ အကွာအဝေး အတွင်းရှိ ဘေးအန္တရာယ်ဇုန်အတွင်းသို့ ဝင်ရောက်ခြင်းမပြုရန် သတိပေးချက်ထုတ်ပြန်ထားသည်။

ဘီဘီစီ။

ဆည်သစ်တည်ဆောက်မည့်မြေနေရာကို ပိတ်ဆို့ကာ မလေးရှားတိုင်းရင်းသားမျိုးနွယ်စုများ ဆန္ဒပြ

ကွာလာလမ်ပူ အောက်တိုဘာ ၂၄

မလေးရှားနိုင်ငံ ဘော်နီယိုကျွန်း ဆာရာဝပ်ပြည်နယ်၌ ဆည်သစ်တည်ဆောက်မည့်မြေနေရာကိုပိတ်ဆို့ကာ တိုင်းရင်းသားမျိုးနွယ်စုဝင် ရာပေါင်းများစွာက ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၄ရက်တွင် သတင်းထုတ်ပြန်သည်။

ဆည်သစ် ဆောက်လုပ်နိုင်ရေးအတွက်နေအိမ်များ ရွှေ့ပြောင်းပေးရမည့် ဒေသခံပြည်သူများက ဆန္ဒပြကြခြင်းဖြစ်သည်။ ဆာရာဝပ်ပြည်နယ်အစိုးရအဖွဲ့က တည်ဆောက်ရန်စီစဉ်လျက်ရှိသော ရေအားလျှပ်စစ် ထုတ်လုပ်ရေးဆည်များအနက် ယခုဆောက်လုပ်မည့် ဆည်လည်းပါဝင်သည်။ မလေးရှားနိုင်ငံရှိ အဆင်းရဲအနွမ်းပါးဆုံး ပြည်နယ်များတွင် ပါဝင်သော ဆာရာဝပ်ပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆည်များ ဆောက်လုပ်ရန် လိုအပ်ကြောင်း အစိုးရက ပြောကြားသည်။

ဆည်တည်ဆောက်မည့် မြေနေရာသို့ ဦးတည်သော လမ်းတစ်လမ်းကို စတင်ပိတ်ဆို့ကာ ဆန္ဒပြခဲ့ကြသည်။ ကင်ယား၊ ကာယန်းနှင့် ပီနန်မျိုးနွယ်စုဝင်များသည် ဆည်တည်ဆောက်ရေးစီမံကိန်းကို ရပ်ဆိုင်းပေးရန် တောင်းဆိုခဲ့ကြသည်။

ဆန္ဒပြ

ဘရမ်ဟု အမည်ပေးထားသော ဆည်ကို နိုင်ငံပိုင် ဆာရာဝပ်စွမ်းအင်ကုမ္ပဏီက တည်ဆောက်မည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းစတင်ရန် စက်ယန္တရားများကို အောက်တိုဘာ ၂၃ရက် မွန်းလွဲပိုင်းက ပေးပို့ခဲ့ပြီးနောက် ဆန္ဒပြပွဲဖြစ်ပေါ်လာသည်။

ဘရမ်ဆည် တည်ဆောက်ပါကစတုရန်းကီလိုမီတာ ၄၀၀ အကျယ်အဝန်းရှိ မုတ်သုံသစ်တော ရေလွှမ်းမိုးခံရမည်ဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စုဝင် ၂၀၀၀၀ခန့် နေအိမ်များဆုံးရှုံးရမည်ဖြစ်ကြောင်း နိုင်ငံရေးလှုပ်ရှားသူများက ပြောကြားသည်။

အေအက်ဖ်ပီ။

ဒေသခံမလေးတိုင်းရင်းမျိုးနွယ်တို့ ဆည်တည်ဆောက်မှုကို ကန့်ကွက်ဆန္ဒပြကြစဉ်။

အီတလီဝန်ကြီးချုပ်ဟောင်း လာဘ်ပေးမှုဖြင့် တရားရင်ဆိုင်ရန် အမိန့်ထုတ်

နေပဲလ်(အီတလီ) အောက်တိုဘာ ၂၄

အီတလီဝန်ကြီးချုပ်ဟောင်း ဖေဗီယိုဘာလူစကိုနီကို အထက်လွှတ်တော်အမတ်တစ်ဦးအား လာဘ်ငွေပေးခဲ့သည်ဟူသော စွပ်စွဲချက်အတွက် တရားရုံးတွင် ကြားနာစစ်ဆေးမှုခံယူရန် အမိန့်ထုတ်လိုက်ကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၂၀၀၆ခုနှစ်တွင် ဘာလူစကိုနီသည် လက်ဝဲယိမ်းအထက်လွှတ်တော်အမတ်တစ်ဦးကို ၎င်း၏ပါတီသို့ကူးပြောင်းစေရန်အတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉သန်းပေးခဲ့သည်ဟု စွပ်စွဲထားခြင်းဖြစ်သည်။

နေပဲလ်မြို့တရားရုံး၌ အထက်လွှတ်တော်အမတ် ဆာဂျီယိုဒီဂရီဂိုဒီယိုကို ဗုဒ္ဓဟူးနေ့တွင် ထောင်ဒဏ် လ၂၀ ကျခံစေရန် စီရင်ချက်ချခဲ့သည်။

ဘာလူစကိုနီသည် တရားရုံးအမှုအခင်းများတွင် တစ်ကြိမ်နှစ်ကြိမ်မက ပါဝင်ပတ်သက်လျက်ရှိပြီး ၎င်းသည် တရားစီရင်ရေးအဖွဲ့များ၏သားကောင်ဖြစ်နေသည်ဟု ၎င်းကပြောကြားသည်။

ဤအမှုတွင် မည်သည့် အမှားအယွင်းမျှ ကျူးလွန်ခဲ့ခြင်းမရှိကြောင်း ၎င်းကငြင်းဆိုသည်။ ဘာလူစကိုနီ၏ ရှေ့နေ မိချီလီစီရာဘိုနာက ဖေဖော်ဝါရီလက တရားရုံးတွင် စတင်ကြားနာသောအခါ ထွက်ပေါ်လာမည့်အဖြေကို ယုံကြည်ကြောင်း ပြောကြားသည်။

ဘာလူစကိုနီ၏ လက်ထောက်ဟောင်း ဗောလ်တာလာဗီတိုလာကို လာဘ်ပေးလာဘ်ယူမှုတွင် ကြားဝင်စေ့စပ်သူအဖြစ် စွပ်စွဲထားသည်။

နေပဲလ်မြို့မှ အထက်လွှတ်တော်အမတ် ဒီဂရီဂိုရီယိုသည် ဘာလူစကိုနီ၏ ပြည်သူ့လွတ်မြောက်ရေးပါတီ(ပီဒီအဲလ်) သို့ ဘက်ကူးပြောင်းခြင်းက ဂိုမာနိုပရော့ဒီ၏အစိုးရကို အားပျော့သွားစေခဲ့သည်။ ရွေးကောက်ပွဲပြန်လည်ကျင်းပသည့်အခါ ဘာလူစကိုနီက အာဏာပြန်လည်ရရှိခဲ့သည်။

အီတလီနိုင်ငံ သန့်ရှင်းစင်ကြယ်သွားစေရန်အတွက် ဘာလူစကိုနီအား နိုင်ငံရေးလောကမှ ထွက်ခွာသွားရန် တိုက်တွန်းခဲ့ကြောင်း ဒီဂရီဂိုဒီယိုက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဘီဘီစီ။





တောင်ငူမြို့တည်နန်းတည်ပွဲတော်ကြီးတွင် မြန်မာ့ထီးနန်းရိုးရာ ဆင်ယင်ကျင်းပမည်

တောင်ငူ အောက်တိုဘာ ၂၄

တောင်ငူခေတ် မြန်မာ့ယဉ်ကျေးမှု ထီးနန်းရိုးရာ မင်္ဂလာတစ်ပါးဖြစ်သော ထွက်တော်မူကြီးမင်္ဂလာဝင်းခင်းသဘင် (ရာဇာဝင်းခင်းသဘင်)ကို ယခုနှစ်တွင်ကျင်းပမည့် တောင်ငူကေတုမတီမြို့တည်နန်းတည်(၅၀၃)နှစ်ပြည့် ပွဲတော်ကြီးတွင် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီဝင် ဦးကျော်ကျော်စိုး(ပန်းချီပညာရှင်) က ပြောကြားသည်။

ယခင်နှစ်(၅၀၂)နှစ်ပြည့်ပွဲတော်ကြီးတွင် ဆင်ခြောက်ကောင်၊ မြင်းအကောင် ၃၀၊ လူအင်အား ၃၀၀ ကျော်ပါဝင်ပြီး ကျိုင်းကိုင်၊ သိုဏ်ကိုင်း၊ ဆင်စစ်သူကြီး၊ ဆင်ခြေဖုံသူရဲ၊ အရှေ့မြင်းသည်တော်၊ တံခွန်ဖြူကိုင်၊ ဒိုင်းဝိုင်းကိုင်၊ ဓားကိုင်၊ လေးဆွဲသူရဲ၊ တူရိယာလုလင်၊ စစ်သူကြီး၊ မင်းခဏ်းတော်ကိုင်၊ ဘုရင်နှင့်မိဖုရား၊ အိမ်ရှေ့မင်းသားနှင့် မိဖုရား၊ သမီးတော်၊ အမတ်ကြီးနဲ့အမတ်ကတော်၊ ပုဏ္ဏား၊ မင်းညီမင်းသားစသည်ဖြင့် အမျိုးအစားပေါင်း ၃၀ ကျော်ကို ခင်းကျင်းပြသနိုင်ခဲ့ပြီး တောင်ငူအနီးပတ်ဝန်းကျင်မြို့ရွာများမှ ပြည်သူများ၊ စိတ်ဝင်စားသူများနှင့် နိုင်ငံခြားခရီးသွားများ၊ စိတ်ဝင်တစား လာရောက်ကြည့်ရှုသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

တောင်ငူကေတုမတီမြို့ကို ဘုရင်မင်းကြီးညိုက မြန်မာသက္ကရာဇ် ၈၇၂ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် စတင်တည်ထောင်ခဲ့သောကြောင့် လာမည့် တန်ဆောင်မုန်းလပြည့်နေ့တွင် နှစ်ပေါင်း(၅၀၃) နှစ်ပြည့် မြောက်တော့မည် ဖြစ်သည်။ နှစ် (၅၀၀) ပြည့်ပွဲမှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး (၅၀၃) နှစ်ပြည့်ပွဲတော်ကြီးကို နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ပျော်ပွဲရွှင်ပွဲများဖြင့် ယခင်နှစ်များအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ကျော်စွာ(တောင်ငူ)

မြစ်ရေတိုက်စားပြီး ကမ်းပါးပြိုကျ၍ လူနေအိမ်များ ပြောင်းရွှေ့

စလင်း အောက်တိုဘာ ၂၄

စက်တင်ဘာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေကြီးပြီး မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်းရှိ ဆင်မကျွန်းကျေးရွာအုပ်စု ရေလယ်မရွာကျေးရွာနှင့် အနီးဝန်းကျင်ရှိကျေးရွာများတွင် မြစ်ရေတိုက်စားပြီး ကမ်းပါးပြိုကျ၍ လူနေအိမ်နှင့် စာသင်ကျောင်းဆောင်များ ပြောင်းရွှေ့ခဲ့ရသည်။

အောက်တိုဘာ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် သက်ဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဆင်မကျွန်းကျေးရွာအုပ်စု ရေလယ်မရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျနေမှုနှင့် လူနေအိမ်များ ကမ်းပါးနှင့် လွတ်ကင်းရာသို့ ပြောင်းရွှေ့တည်ဆောက်ထားမှုတို့ကို ကြည့်ရှုပြီး ရေလယ်မရွာဘုန်းတော်ကြီးကျောင်းတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားကာ ဘုန်းတော်ကြီးကျောင်းပြောင်းရွှေ့ဆောက်လုပ်ရန်နှင့် အမက ကျောင်းပြောင်းရွှေ့ဆောက်လုပ်ရန်မြေနေရာ ဝယ်ယူရန်အတွက် ငွေကျပ်သိန်း ၂၀ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး မြစ်ကြောင်းဦးစီးဌာနမှ တာဝန်ရှိသူက ရေတိုက်စားမှု ထပ်မံမဖြစ်ပေါ်ရေးအတွက် ရေဦးတိုက်နေရာမှစ၍ အလျားပေ ၅၀၀ရှိ ရေကာတာ ခုနစ်ခုကို ယခုနှစ်အတွင်းအပြီးတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ နောင်နှစ်များတွင် မြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျမှုများ မဖြစ်ပေါ်နိုင်ပါကြောင်း ဒေသခံပြည်သူများအား အသိပေးပြောကြားခဲ့သည်။

ယခင်နှစ်ကလည်း ယခုလို ကမ်းပါးပြိုကျ၍ လူနေအိမ်များပြောင်းရွှေ့ခဲ့ရသော်လည်း ယခုနှစ်မှာ အများဆုံးပြောင်းရွှေ့ခဲ့ရကြောင်း၊ ရေလယ်မရွာ အမကကျောင်းရှိ စာသင်ဆောင် သုံးဆောင်မှ နှစ်ဆောင်ပြောင်းရွှေ့ခဲ့ပြီးဖြစ်ကြောင်း၊ လူနေအိမ် ၅၄ လုံးကိုလည်း ပြောင်းရွှေ့၍ ကမ်းပါးနှင့် လွတ်ကင်းရာနေရာများတွင် ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးပါကြောင်း၊ ဘုန်းတော်ကြီးကျောင်းကိုလည်း ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိကြောင်း၊ ထိုသို့ အိမ်များပြောင်းရွှေ့ရာတွင် စလင်းမြို့ပေါ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နီးစပ်ရာကျေးရွာများမှ ပြည်သူများဝိုင်းဝန်းလာရောက်ကူညီပေးခဲ့ကြ၍ ဆုံးရှုံးမှုမရှိခဲ့ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောပြသည်။ **(တင်ထွန်းဦး)**

မြစ်ကူးတံတားထိပ်တွင် သံဆန်ခါများကာပေးခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းနိုင်

ပဲခူး အောက်တိုဘာ ၂၄

ပဲခူးမြို့မြစ်ကူးတံတားထိပ်ရှိ သီရိဥသာဈေးသို့ ဈေးသွားဈေးလာပြည်သူများသည် သတ်မှတ်ထားသောနေရာမှ မသွားဘဲ မြစ်ကူးတံတားထိပ်မှ တောင်၊မြောက်စည်းကမ်းမဲ့ ဖြတ်သန်းသွားလာနေသဖြင့် တံတားထိပ်တွင် လူသွားလူလာများပြားပြီး သုံးဘီးဆိုင်ကယ်များကလည်း တံတားထိပ်တွင် နှစ်ထပ်သုံးထပ်ရပ်၍ လူတင်လူချ ပြုလုပ်နေသဖြင့် မကြာခဏ ယာဉ်အန္တရာယ်များဖြစ်ပွားနေသည်။ **(အောက်ပုံ)** ၎င်းသီရိဥသာဈေးနေရာအား တာဝန်ရှိသူများမှ သံဆန်ခါများ ကာရံပေးပြီး သတ်မှတ်နေရာမှသွားလာပါက ယာဉ်အန္တရာယ်ကင်းရှင်းနိုင်မည်ဖြစ်ကြောင်းနှင့် ယခုအခါပဲခူးမြို့ အထက(၃)ကျောင်းရှေ့ရှိ ပန်းခြံမှာလည်း တာဝန်ရှိသူများ၏ ပြုပြင်ဆောင်ရွက်ပေးခြင်းကြောင့် လှပလျက်ရှိနေပြီဖြစ်သည်။ **(သုတ)**

Registration No.574/2005-2006
Licence No.62/2013

ဂျပန်နိုင်ငံရှိ CHIBA KEN, MIYAGI KEN, IBARAGI KEN မြို့များရှိ ရေထွက် ကုန်ထုတ်လုပ်ငန်း စက်ရုံကြီးများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ၂၀၁၄ ခုနှစ် ၃ လပိုင်း အတွက် အမျိုးသား (၁၀) ဦး အမျိုးသမီး(၄)ဦး အသက်(၂၀)နှစ်မှ (၃၀) နှစ်ကြား ကျန်းမာ သန်စွမ်းသူ အထွေထွေလုပ်သားများ အမြန်အလိုရှိသည်။

* ဂျပန်စကားပြောတတ်သူ ဦးစားပေးမည်။
* လုပ်ငန်းလိုအပ်ချက်အရ မျက်မှန်တပ်ဆင်သူ၊ ဘယ်သန်မဖြစ်ရ။
* အလုပ်ချိန် ။ ။ တစ်နေ့ ၈ နာရီ
* လစာ ။ ။ တစ်နာရီ ယန်း(၇၀၀)+အချိန်ပို

ဖောင်ပိတ်ရက်။ ။ ၃၀-၁၀-၂၀၁၃ ရက်

(အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ကုမ္ပဏီရုံးခန်းသို့ လာရောက် စုံစမ်းနိုင်ပါသည်။)

ဆက်သွယ်ရန်။ ။ No.C/101, Delta Plaza, Shwegonedaing Road, Bah-anTownship, Yangon.
Tel:01-557570, 09-8604948,09-8303939









တောင်ကျချောင်းရေကြောင့်ပျက်စီးသောတံတားအစား ယာယီရေနိမ့်တံတားဆောက်လုပ်ပြီးစီး

ဖောင်းပြင် အောက်တိုဘာ ၂၄

ဖောင်းပြင်မြို့နယ်တွင် အောက်တိုဘာ ၇ ရက် ညနေ ၄ နာရီက မိုးရွာသွန်းမှုကြောင့် တောင်ကျမိုးရေများ အမှိုက်ဒိုက်များနှင့်အတူ ချောင်းရေတစ်ဟုန်ထိုး စီးဆင်းလာပြီး သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်းဗျူဟာလမ်း ကောက်စားချောင်းပေါ်တွင်တည်ဆောက်ထားသော တံတားအမှတ် (၅/၁၃၆) ပေ ၁၂၀ ရှိကောက်စားတံတားသည် ချောင်းရေနှင့်အတူ ကျိုးကျမျောပါသွားရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့ (၁၀) မှ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် အချိန်နှင့်တစ်ပြေးညီ ယင်းချောင်းပေါ်တွင် ရေနိမ့်တံတားဆောက်လုပ်ရာ အောက်တိုဘာ ၁၆ ရက်က အပြီးသတ် ဆောက်လုပ်ပြီးစီးခဲ့သဖြင့် ခရီးသွားပြည်သူများအဆင်ပြေချောမွေ့စွာ သွားလာနိုင်ကြပြီ ဖြစ်သည်။**(အောက်ပုံ)**

ဖွေကြိုင်းရွာမှ ခရီးသွားပြည်သူ ကိုတွံတေးက"အခုလို ရေနိမ့်တံတားမြန်မြန်ပြီးသွားတော့ ခရီးသွားတွေအများကြီးအဆင်ပြေသွားတယ်၊ ဖောင်းပြင်မြောက်ပိုင်းကွင်းတစ်ကွင်းလုံးရှိ ပြည်သူတွေက ကျန်းမာရေး၊ စီးပွားရေးအတွက် ဒီလမ်းကိုအားကိုးရတာ၊ နွေကာလမှာ ရေနည်းပေမယ့် မိုးတွင်းမှာ လှေနဲ့ကူးရတာ၊ အန္တရာယ်လည်းများတယ်၊ ကူးတဲ့လူများတော့လှေစောင့်ရတာလည်းကြာတယ်၊ ယခုမြန်မြန်ပြီးသွားတော့ အတိုင်းမသိအဆင်ပြေသွားတာပေါ့" ဟုပြောကြားကြောင်း သိရသည်။

(ဖောင်းပြင် မြန်/ဆက်)

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရတနာစံကျောင်းတော်ဝင်ပွဲကျင်းပ

ညောင်ရွှေ အောက်တိုဘာ ၂၄

အင်းလေးဒေသ ၂၁ ဌာနသို့ဒေသစာရီကြွချီအပူဇော်ခံခဲ့သောအင်းလေးဖောင်တော်ဦးမြတ်စွာ ဘုရားရတနာစံကျောင်းတော်ဝင်ပွဲကို အောက်တိုဘာ ၂၂ ရက်နံနက်ပိုင်းက အင်းလေးဒေသ နမ့်ဟူးရွာရှိ ဖောင်တော်ဦးမြတ်စွာဘုရား ထာဝရသီတင်းသုံးရာ ရတနာစံကျောင်းတော်ကြီးတွင်ကျင်းပခဲ့ကြောင်း သိရသည်။

ရတနာစံကျောင်းတော်ဝင်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက ကမ်းလုံးညွတ်မျှလာရောက်ဖူးမြော်ကြည်ညိုကြသည့် အပြင်နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများကပါစိတ်ဝင်တစား လေ့လာခဲ့ကြသည်ကို တွေ့မြင်ရသည်။

ရှေးဦးစွာဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူကို ရေသာကျေးရွာကျောင်းတော်မှ ကရဝိက်ဖောင်တော်ဖြင့် ဆွဲလှေ ၁၆ စင်းက လှော်ခတ်ပင့်ဆောင်ပူဇော်သည့်အပြင် ဟဲယာရွာမ လှေတော်ယိမ်းအဖွဲ့ လှေယာဉ်နှင့် အင်းပေါခုံလှေတော်ယိမ်းအဖွဲ့ လှေယာဉ်တို့ကလည်း ဓမ္မတေးများဖြင့် စောင့်ကြိုပူဇော်ခဲ့သည်။

ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များကို ရတနာစံကျောင်းပေါ်သို့ သာသနာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဆန်းဆင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများက ပင့်ဆောင်ခဲ့ပြီး ဆွမ်း၊ ရေချမ်း၊ ပန်း၊ ရွှေသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

ထို့နောက်စံကျောင်းတော်ဝင်ပွဲအထိမ်းအမှတ် အင်းသားရိုးရာလှေပြိုင်ပွဲကိုကျင်းပရာ အမျိုးသားရာကျော်လှေပြိုင်ပွဲတွင် ရွာကြီးရှေ့အသင်းက ပထမ၊ ကေလာအသင်းက ဒုတိယ၊ အမျိုးသား လေးဆယ့်ခြောက်တက် လှေပြိုင်ပွဲတွင် ကေလာမောင်အသင်းက ပထမ၊ ကေလာလူငယ်အသင်းက ဒုတိယ၊ အမျိုးသမီး နှစ်ဆယ့်ခြောက်တက်လှေပြိုင်ပွဲတွင် ညောင်ဝန်း (ခ)အသင်းက ပထမ၊ ညောင်ဝန်း (က)အသင်းက ဒုတိယ အသီးသီးရရှိခဲ့ကြောင်း သိရသည်။

နေမျိုးသူရိန်(ညောင်ရွှေ)

ပခုက္ကူ၌ Backhoe Loader ဖြင့် အမှိုက်သိမ်း

ပခုက္ကူ အောက်တိုဘာ ၂၄

ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ဘဏ်အတိုးရငွေဖြင့် ဝယ်ယူပေးသည့်အဖွဲ့ပိုင် Backhoe Loader ဖြင့် ပခုက္ကူမြို့၌ အမှိုက်များအား သိမ်းဆည်းခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းဆည်း သယ်ပို့သည့်ယာဉ်ဖြင့် သယ်ယူစွန့်ပစ်ခြင်း ဆောင်ရွက်မှုတို့ကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

အစိုးရကြော်ငြာ

၂၀၁၂ ခုနှစ်အတွက် ချီးမြှင့်မည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနား၏ အောက်ပါလုပ်ငန်းရပ်များကို ရန်ကုန်မြို့တွင် ကြော်ငြာခြင်းလုပ်ငန်းနှင့်အတူ တစ်ပေါင်းတည်းဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Digital စနစ် စင်မြင့်ဆောက်လုပ်ခြင်း၊ စင်မြင့်ပြင်ဆင်ခြင်းနှင့်မီးအလှဆင်ခြင်း
(ခ) အခမ်းအနားကျင်းပမည့်နေရာနှင့် ပတ်ဝန်းကျင်ပြင်ဆင်ခြင်း
(ဂ) ဖိတ်ကြားဧည့်သည်နှင့်အနုပညာရှင်များ ဧည့်ခံကျွေးမွေးခြင်း
(ဃ) ဖျော်ဖြေရေးအစီအစဉ်ဆောင်ရွက်ခြင်း
(င) အစီအစဉ်ကြေညာသူ၊ ဆုဗန်းကိုင်၊ မိတ်ကပ်၊ လက်ဝတ်ရတနာနှင့် ပန်းအလှပြင်ခြင်းများ စီစဉ်ဆောင်ရွက်ခြင်း
(စ) ဖိတ်စာများနှင့်မှတ်တမ်းစာအုပ်ရိုက်နှိပ်ခြင်း
(ဆ) လက်မှတ်ရောင်းချခြင်းနှင့် လုံခြုံရေးအစီအစဉ်ဆောင်ရွက်ခြင်း
(ဇ) လိုအပ်ပါက ရုပ်မြင်သံကြား တိုက်ရိုက်ထုတ်လွှင့်ခြင်း အစီအစဉ်ဆောင်ရွက်ခြင်းနှင့် သတင်းမီဒီယာများနှင့်ပတ်သက်၍ ပွဲကျင်းပချိန်တွင် စနစ်တကျရှိသော သတင်းရယူမှုအစီအစဉ်ဆောင်ရွက်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၁-၁၀-၂၀၁၃ရက်မှစတင်၍ ရုံးချိန်အတွင်း တစ်စုံလျှင် ကျပ် ၁၀၀၀၀/-ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ၂၈-၁၀-၂၀၁၃ ရက်မှစတင်၍ ၂၂-၁၁-၂၀၁၃ရက် ညနေ(၄)နာရီအထိ လျှောက်လွှာများလက်ခံခြင်းကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်ရွေးချယ်ကြော်ငြာမည့်ရက်အား ထပ်မံဆက်သွယ်ကြော်ငြာအကြောင်းကြားမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ရုံးချုပ်၊ အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၃၇၄၃၉၊ ၅၃၄၈၈၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့ရုပ်ရှင်လုပ်ငန်း



INVITATION FOR OPEN TENDER
(MIXED LPG)

1. Open Tender is invited for the Myanma Petrochemical Enterprise, the Ministry of Energy for the supply of Mixed LPG (1800MT±5%)
2. Tender Closing Date : 7-11-2013 at (12:00)noon.
3. Tender Opening Date : 7-11-2013 at (13:00)hrs.
4. Delivery Time : 2nd Week of December 2013
5. Tender Documents and details information are available at the Department of Finance,Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing 24-10-2013 on payment of the Myanmar Kyat One Hundred Thousand (Kyat 100000)per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာန နိုင်ငံခြားသင်္ဘောကြီးများသို့ ရိက္ခာပေးသွင်းရန် အိတ်ဖွင့်တင်ဒါကြော်ငြာ

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနမှ ကိုင်တွယ်ရသော နိုင်ငံခြားသင်္ဘောကြီးများအတွက် လိုအပ်သောရိက္ခာများ ပေးသွင်းခြင်းလုပ်ငန်းကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပေးသွင်းနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဤဌာနရှိ ရှင်း/ပို့ ရိက္ခာဌာနစုတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက် ၂၈-၁၀-၂၀၁၃ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ကိုယ်စားလှယ်လုပ်ငန်းဌာန အစည်းအဝေးခန်းမရှိ အိတ်ဖွင့်တင်ဒါကော်မတီဝင်များရှေ့မှောက်တွင် လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

အိတ်ဖွင့်တင်ဒါကော်မတီ
ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အမှတ်(၈၃/၉၁)ဗိုလ်အောင်ကျော်လမ်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ အောက်ပါဌာနများမှ အသုံးပြုရန်လိုအပ်သော (စာရေးကိရိယာပစ္စည်းများ၊ ကွန်ပျူတာများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာထိုင်ခုံများ၊ Air Conditioner၊ တာယာ၊ ဘက်ထရီ၊ စက်ဆီ၊ ချောဆီများ) နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ (Internet Connection System၊ ထွန်၊ ထယ်၊ ထွန်စက်ဘီး၊ မျိုးစေ့ချကိရိယာ၊ အခြောက်ခံစက်၊ ကောက်စိုက်စက်၊ (22)HP လက်တွန်းထွန်စက်၊ Thresher with Engine, Water Pump with Engine) များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အမှိုက်ပုံးကြီး (ဘီးပါ) (လက်တွန်းပါ)၊ အမှိုက်ပုံး (လတ်)၊ အမှိုက်ပုံး(သေး)၊ တာယာ၊ ဘက်ထရီများ၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနမှ (ရုံးသုံးပရိဘောဂပစ္စည်းများ)အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) တင်ဒါစတင်ရောင်းချမည့်ရက် -၁-၁၁-၂၀၁၃ ရက်
(ခ) တင်ဒါပိတ်မည့်ရက် -၂၉-၁၁-၂၀၁၃ ရက်
(ဂ) တင်ဒါပိတ်မည့်အချိန် -မွန်းတည့် ၁၂ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာများတွင် စုံစမ်းထုတ်ယူနိုင်ပါသည်-

(က)ဝန်ကြီးရုံး	ရုံးအမှတ်(၁၅)၊ နေပြည်တော် ၀၆၇-၄၁၀၀၉၄
(ခ)စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန	ရုံးအမှတ်(၄၃)၊ နေပြည်တော် ၀၆၇-၄၁၀၁၁၇
(ဂ)စိုက်ပျိုးရေးဦးစီးဌာန	ရုံးအမှတ်(၄၃)၊ နေပြည်တော် ၀၆၇-၄၁၀၅၁၅
(ဃ)ဆည်မြောင်းဦးစီးဌာန	ရုံးအမှတ်(၄၃)၊ နေပြည်တော် ၀၆၇-၄၁၀၃၁၇
(င)ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန	ရုံးအမှတ်(၁၅)၊ နေပြည်တော် ၀၆၇-၄၁၀၁၂၉
(စ)စက်မှုလယ်ယာဦးစီးဌာန	ရုံးအမှတ်(၅၀)၊ နေပြည်တော် ၀၆၇-၄၃၁၂၁၉
(ဆ)စိုက်ပျိုးရေးသုတေသနဦးစီးဌာန	ရေဆင်း၊ နေပြည်တော် ၀၆၇-၄၁၆၅၉၂
(ဇ)ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်	ရေဆင်း၊ နေပြည်တော် ၀၆၇-၄၁၆၆၈၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

လူပျောက်ကြော်ငြာ

သန်လျင်မြို့ မြို့ဟောင်းအရှေ့ရပ်ကွက်နေ ဦးဖြိုးဝေ၏သားဖြစ်သူ မောင်ဆောင်းဦးလှိုင် အသက်(၁၁)နှစ်အရွယ်သည် အိမ်မှအပြင်သို့ ထွက်သွားစဉ် ၁၃-၉-၂၀၁၃ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာရဲစခန်းများတွင် တိုင်ကြားထားပြီး တွေ့ရှိပါက လိပ်စာအတိုင်း အကြောင်းကြားပေးပါရန် ကျေးဇူးတင်ပါသည်။ ကလေး၏ အမှတ်အသားတွင် ပါးမှာအသားပိုရှိပြီး မေးစေ့အောက်တွင် အနာရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ-
ဒေါ်ကေသာရီ ဖုန်း-၀၉-၈၆၁၉၇၂၀၊ ဒေါ်ဣန္ဒမာလာ ဖုန်း-၀၉-၄၂၁၁၃၀၁၆၅

ညောင်လေးပင်၌ တိုင်းရင်းဆေးဖြင့် ကွင်းဆင်းကုသ

ညောင်လေးပင် အောက်တိုဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၁) ရပ်ကွက် စက်ရုံလမ်း၌ ဖွင့်လှစ်ထားသော ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား တိုင်းရင်းဆေးပညာဖြင့် ဆေးကုသစောင့်ရှောက်ခြင်းကို အောက်တိုဘာ ၉ ရက်က ဆောင်ရွက်ခဲ့သည်။ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်ခြင်းကို ၂၀၁၁ ခုနှစ် မေ ၂၀ရက်မှစ၍ ယနေ့အထိ တစ်လနှစ်ကြိမ် ဘိုးဘွားရိပ်သာရှိ အဘိုးနဲ့အဘွားများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိကြောင်းနှင့် နောင်တွင်လည်းဆက်လက်၍ ကျန်းမာရေးစောင့်ရှောက်မှုများပေးသွားမည်ဖြစ်ကြောင်း တိုင်းရင်းဆေးပညာဦးစီးဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ရီရီဝင်းက ရှင်းပြသည်။

"ဘိုးဘွားရိပ်သာမှ တာဝန်ရှိသူတစ်ဦးကလည်း "ကျွန်တော်တို့ ဘိုးဘွားရိပ်သာမှာရှိတဲ့ အဘိုး အဘွားတွေဟာ အသက်အရွယ်ကြီးရင့်ကာ ကျန်းမာရေး ညံ့တဲ့အချိန်ဖြစ်လို့ ကျန်းမာရေးစောင့်ရှောက်မှုအထူး လိုအပ်နေပါတယ်၊ ယခုလို တိုင်းရင်းဆေးပညာဦးစီးဌာနက တာဝန်ရှိသူတွေ၊ ဆရာဝန်တွေ အပတ်စဉ်စေတနာနဲ့လာရောက်ကုသမှု ပြုလုပ်ပေးနေလို့ အဘိုးအဘွားတွေ ကျန်းမာရေးအတွက် အခက်အခဲမရှိဘဲ ကျန်းမာရေးကောင်းတာမြင်တွေ့နေရလို့ ကျွန်တော်တို့စောင့်ရှောက်ရေးအဖွဲ့အနေနဲ့ ဝမ်းသာပါတယ်" ဟု ရှင်းပြသည်။

နေလင်း(ညောင်လေးပင်)

ချင်းတောင်ထွက်ထင်းရှူးဆီ ဂျပန်ကုမ္ပဏီလေ့လာ

ဟားခါး အောက်တိုဘာ ၂၄

ဂျပန်ကုမ္ပဏီနှစ်ခုဖြစ်သော Mitsubishi နှင့် Marima Co., Ltd.တို့သည် ချင်းတောင်ထွက် ထင်းရှူးဆီ ဝယ်ယူရေးလေ့လာရန် အောက်တိုဘာ ၁၇ ရက်က ချင်းပြည်နယ် ဟားခါးမြို့သို့ရောက်ရှိကြကြောင်း သိရသည်။

ကုမ္ပဏီအမှုဆောင်ဒါရိုက်တာနှင့် တာဝန်ရှိသူတို့သည် ချင်းပြည်နယ်ဝန်ကြီးများနှင့်တွေ့ဆုံခဲ့ရာ ထင်းရှူးဆီရောင်းဝယ်ရေး၊ ထင်းရှူးပင်စိုက်ပျိုးရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ထင်းရှူးဆီ ထုတ်လုပ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

အဆိုပါကုမ္ပဏီတို့သည် ကမ္ဘာ့ ၁၁ နိုင်ငံတွင်ထင်းရှူးဆီထုတ်လုပ်ရေးစက်ရုံ ၁၁ ရုံကို ဖွင့်လှစ်ပိုင်ဆိုင်ထားကြပြီး ယင်းစက်ရုံမှ စက္ကူစာရေးမင်၊ ကော်၊ တာယာ၊ မိန်းကလေးအလှသုံးကုန်များ စသည့် ၁၂ မျိုးကို ထုတ်လုပ်လျက်ရှိကြောင်း၊ လက်ရှိအစိုးရနှင့် တရုတ်အစိုးရတို့သည် ချင်းတောင်တွင်ထင်းရှူးဆီ ပူးပေါင်းထုတ်လုပ်ရန် သဘောတူထားကြောင်း၊ မိမိတို့ချင်းပြည်နယ် ဒေသခံကိုယ်တိုင်က ကုမ္ပဏီတစ်ခုထူထောင်ပြီး ထင်းရှူးဆီထုတ်လုပ်ပါက ယခုစိတ်ဝင်စားနေသည့် ဂျပန်ကုမ္ပဏီကဝယ်ယူမည်ဖြစ်ကြောင်း လိုက်ပါလာသူတစ်ဦးက ပြောပြသည်။

"ချင်းပြည်နယ် ကိုးမြို့နယ်အတွင်း ရှစ်မြို့နယ်မှာ ထင်းရှူးတောအများစု ပေါက်ရောက်တာဆိုတော့ ကိုယ့်နေရာကိုယ့်ဒေသကထွက်တဲ့ ဒီလိုအဖိုးတန်သစ်တောထွက်ပစ္စည်းကအစ ကိုယ်တိုင်လုပ်နိုင်တာ အကောင်းဆုံးပါ၊ အဲဒီအမြတ်အစွန်းဟာ ဒီမှာရှိကြတဲ့ ဒေသခံတွေ ခံစားသင့်တာပေါ့"ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။

တရုတ်ကုမ္ပဏီတစ်ခုသည် ၁၉၉၅ ခုနှစ်တွင် ဝါးစက္ကူကို တစ်နှစ်လျှင် တန်ချိန်သန်းပေါင်း ၁၀ ထုတ်လုပ်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်မှစ၍ ထင်းရှူးစက္ကူကို တစ်နှစ်လျှင်တန်ချိန်သန်းပေါင်း ၁၀၀ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

(ဇိုဟေဆာ-ချင်းတောင်ခြေ)

ဆောင်းသီးနှံပဲတီစိမ်းစိုက်ပျိုးစရိတ် စတင်ထုတ်ချေး

ရန်ကုန် အောက်တိုဘာ ၂၄

ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ ၂၀၁၃ ခုနှစ် ဆောင်းသီးနှံပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သုံးခွမြို့နယ်ဘဏ်ခွဲက အောက်တိုဘာ ၂၃ ရက်မှ စတင်၍ ထုတ်ချေးပေးနေကြောင်း သိရသည်။ သုံးခွမြို့နယ်တွင် ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၄ အုပ်စုမှ တောင်သူပေါင်း ၁၅၀၀၀ ကျော်၏ ပဲစိုက်ဧက ၁၂၀၀၀၀ အတွက်တစ်ဧကကျပ် ၂၀၀၀၀ နှုန်းဖြင့် ကျပ်သိန်း ၂၄၀၀၀ ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးထုတ်လုပ်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ဇွန် ၁၈ ရက်မှစတင်၍ တစ်ဧကကျပ်တစ်သိန်းနှုန်းဖြင့် ကျပ်သိန်း ၁၃၀၀၀၀ ခန့် ထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

လျှပ်စစ်
သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ

အစိုးရ/စီးပွားရေးကြော်ငြာ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဌာန၊ မြန်မာ့ဆက်သွယ်ရေးဝန်ကြီးဌာန ကွန်ပျူတာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်သော စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူသွားမည်ဖြစ်ပါ၍ ပြင်ပ လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပိတ်ရက်နှင့် အချိန်မှာ ၄-၁၁-၂၀၁၃ ရက် ၁၃း၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စဉ်	ငွေစာရင်းခေါင်းစဉ်	အရေအတွက်
၁။	8 E1 Convertor	6 No.
၂။	Aircon 1.5 HP(SAMSUNG)	10 No.
၃။	Aircon 2HP (SAMSUNG)	4 No.
၄။	Media Convertor	10 No.
၅။	E1 Convertor	4 No.
၆။	Distrubution Switch	1 No.
၇။	SFP Module	10 No.
၈။	Personal Computer	36 No.
၉။	Laser Printer	2 No.
၁၀။	Digital Multifunction Copier	1 No.
၁၁။	Computer Table	40 No.
၁၂။	Computer Chair	50 No.
၁၃။	Conferencing Table	25 No.

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာဌာန
(၈)မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၆၅၆၉၄၀၊ ၀၁-၆၅၀၄၀၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ရွှေမြို့ မွေးမြူရေးဇုန်ရှိ FMD ဓာတ်ခွဲခန်းအတွက် ၃၃ ကေဗွီဓာတ်အားခွဲရုံတစ်လုံးနှင့် ဆက်စပ်လုပ်ငန်းများ တည်ဆောက်ရန်ရှိပါသဖြင့် တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်း/ကုမ္ပဏီ/ကန်ထရိုက်တာများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၈-၁၁-၂၀၁၃ ရက်၊ ၁၃း၀၀ နာရီ
- မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းရန်နှင့် ၎င်းဝန်ကြီးဌာန၏ Website ဖြစ်သော www.mlfrd.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၀၈၄၆၄၊ ၀၆၇-၄၀၈၂၁၉







ပျောက်ဆုံး

ကျွန်တော် ဦးအေးမင်းထွေး Efficient Deck Hand Certificate No.39159/10 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
Ph:0943056320

Seven စံ

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ရောင်းလိုဝယ်လိုသူများ ဆက်သွယ်နိုင်ပါသည်။ အိမ်အရောက်ငွေပေးချေသည်။

ပွဲခပေးရန်မလိုပါ။

ဖုန်း - ၀၁-၂၀၅၇၄၈၊ ၀၉-၇၃၁၁၉၀၉၉၊ ၀၉-၃၁၇၁၅၂၄၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

Tel:067-414184, 067-414223

ပြည်တွင်းပုလဲရောင်းချပွဲ

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် (၃၃)ကြိမ်မြောက် ပြည်တွင်းပုလဲရောင်းချပွဲကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက်မှ ၂၂ရက်အထိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် ရောင်းချပါမည်။

၂။ နိုင်ငံသားမည်သူမဆို တက်ရောက်နိုင်ပါသည်။ ရောင်းချပွဲအစီအစဉ်မှာအောက်ပါအတိုင်းဖြစ်ပါသည်-

၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက် (ဗုဒ္ဓဟူးနေ့)

၉း၀၀-၁၆း၀၀နာရီ	ပုလဲတွဲများပြသကြည့်ရှုခြင်း။

၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၁ရက် (ကြာသပတေးနေ့)

၉း၀၀-၁၆း၀၀နာရီ	ပုလဲတွဲများပြသကြည့်ရှုခြင်း။
၁၆း၀၀နာရီ	တင်ဒါအမှတ်(၁)ပိတ်သိမ်းခြင်း။
၁၇း၀၀နာရီ	တင်ဒါအမှတ်(၁)ကြေညာခြင်း။

၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၂ရက် (သောကြာနေ့)

၉း၀၀-၁၆း၀၀နာရီ	ပုလဲတွဲများပြသကြည့်ရှုခြင်း။
၁၂း၀၀နာရီ	တင်ဒါအမှတ်(၂)ပိတ်သိမ်းခြင်း။
၁၃း၀၀နာရီ	တင်ဒါအမှတ်(၂)ကြေညာခြင်း။
၁၆း၀၀နာရီ	တင်ဒါအမှတ်(၃)ပိတ်သိမ်းခြင်း။
၁၇း၀၀နာရီ	တင်ဒါအမှတ်(၃)ကြေညာခြင်း

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

ယတြာဆရာမ

ဖြစ်ချင်တာတွေ မဖြစ်သေးဘူးဆိုရင်၊ မဖြစ်ချင်တာတွေ ဖြစ်နေတယ်ဆိုရင် အဆင့်မြင့် ယတြာများဆောင်ရွက်ပေးပါသည်။ (ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။)
ဖုန်း-၀၉-၅၀၇၅၈၂၇

တိုက်ခန်းရောင်းမည်

15' x 70' 5 လွှာ အဆင့်မြင့်ပြင်ဆင်ပြီး 162 လမ်း၊ တာမွေမြို့နယ်
20' x 55' 7 လွှာ အဆင့်မြင့်ပြင်ဆင်ပြီး ကျိုက္ကဆံလမ်းမကြီး၊ တာမွေမြို့နယ်
Ph:09-41003308



ရထားလမ်းပိုင်းများကို လေ့လာပြုပြင်စေချင်

နေ့စဉ်ထုတ်သတင်းစာများတွင် ရထားလမ်းပြုပြင်ခြင်း၊ ရန်ကုန်မြို့ပတ်ရထားများ အဆင့်မြှင့်ပြေးဆွဲခြင်းများ ဖတ်ရှုရသဖြင့် မန္တလေးနှင့် မြစ်ကြီးနားပိုင်းပြေးဆွဲလျက်ရှိသော ရထားစီးနင်းခဲ့ရသည်များကို သတိရမိပါသည်။

စာရေးသူသည် မန္တလေးနှင့် မြစ်ကြီးနား ရထားလမ်းပိုင်းကို အခေါက်ရေမနည်း စီးနင်းခဲ့ဖူးပါသည်။ မန္တလေးမှအထွက် ရွှေဘိုအထိ ငြိမ့်ငြိမ့်ညောင်းညောင်း ရှိခဲ့သော်လည်း ရွှေ့ပိုင်း ကချင်ပြည်နယ်စပ်မှစ၍ မြစ်ကြီးနားအထိမှာ သက်သောင့်သက်သာမရှိလှတော့ပါ။

ရထားကြီးမှာ တချို့နေရာများတွင် ခုန်ဆွခုန်ဆွသွားပါသည်။ တချို့နေရာကျပြန်တော့ ယိမ်းယိုင်၍သွားရပါသည်။ ခုန်ဆွခုန်ဆွသွားရသောနေရာများမှာ လူတစ်ကိုယ်လုံးမြောက်တက်သွားရသည်အထိရှိပြီး ယိမ်းယိုင်၍သွားရသောနေရာများမှာ တစ်ဖက်မှခရီးသည် တစ်ဖက်သို့ ရောက်သွားရသည်အထိ ဖြစ်ပါသည်။ အမျိုးသားနှင့် အမျိုးသမီး တွဲစီးရသောခုံများဆိုလျှင် အားနာစရာကောင်းလှပါသည်။ပစ္စည်းတင်စင်များမှ အိတ်များ၊ အထုပ်အပိုးများ ပြုတ်ကျ၍ ပြန်တင်ရသည်မှာလည်း အလုပ်ရှုပ်လှပါသည်။

ယောင်တတ်သော အမျိုးသမီးကြီးများမှာ ရထားခုန်လျှင်သော်လည်းကောင်း၊ ရထားယိမ်းယိုင်လျှင်သော်လည်းကောင်း ယောင်ယမ်းအော်ကြပါသည်။ သူတို့ ယောင်ယမ်း၍အော်သည်ကိုပင် ရထားစီးခရီးသည်များမှာ တစ်ဟားဟားရယ်နေရပါသည်။

တချို့နေရာများမှာ ပြတင်းပေါက်မှ အပြင်ဘက်ကြည့်၍မရပါ။ ချုံနွယ်ပိတ်ပေါင်းများမှာ ပြတင်းပေါက်နှင့်ကပ်လျက်ရှိနေသောကြောင့် ဖြစ်ပါသည်။

အပေါ့အပါးသွားချင်၍ သန့်စင်ခန်းသွားရသည့်အခါတွင်လည်း သန့်စင်ခန်းအတွင်း မတ်တတ်ရပ်မရ၊ ထိုင်မရနှင့်အတော်အခက်တွေ့ရသည်။

ယခုရေးသားသော ဆောင်းပါးအား မန္တလေး-မြစ်ကြီးနားလမ်းပိုင်း စီးနင်းဖူးသူများ ဖတ်မိပါက "ဟုတ်ပ့ါဗျာ၊ဟုတ်ပ့ါတော်" ဟုပြောရင်းရယ်မောနေမည်မှာအမှန်ပင်ဖြစ်ပါသည်။

သို့ပါ၍ မန္တလေးနှင့် မြစ်ကြီးနားရထားလမ်းပိုင်းအား တာဝန်ရှိသူများကိုယ်တိုင် စီးနင်းလိုက်ပါလေ့လာ၍ ပြုပြင်သင့်သည့် လမ်းပိုင်းများအားပြုပြင်ပေးနိုင်ကြပါရန်နှင့် ခရီးသွားပြည်သူများ ငြိမ့်ညောင်းသက်သာစိတ်အေးချမ်းသာစွာ ခရီးသွားနိုင်ကြစေရန် စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

မောင်မြင့်ရွှေ(နေပြည်တော်)

သပြေတောရွာမှ ကျောက်ထီးရိုးစေတီ

မင်းလှ အောက်တိုဘာ ၂၄

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့မှ ခုနစ်မိုင်ခန့်ဝေးသော သပြေတောရွာ၏ မြောက်ဘက် ပျံကျတောင်ထိပ်တွင် ကျောက်ထီးရိုးစေတီအား ဖူးတွေ့ရသည်။ အဆိုပါစေတီကို ၁၃၀၅ ခုနှစ်ခန့်က ပျံကျတောင်အောင်သုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကဥ္စဏာလင်္ကာရ အိပ်မက်အရတည်ထားခဲ့ကြောင်း ဒေသခံရွာသားများထံမှ သိရသည်။

အငြိမ်းစားကျောင်းဆရာကြီး ဦးခင်မောင်မြင့်က "ဆရာတော်ကြီးက အိပ်မက်အရ ဒီကျောက်ထီးရိုးစေတီကို တည်ထားခဲ့တယ်လို့ ရှေ့မီနောက်မီ ပုဂ္ဂိုလ်များထံမှ သိခဲ့ရပါတယ်။ ဆရာတော်ကြီးက အသက် (၈၅) နှစ်လောက်မှာ ပျံလွန်တော်မူတယ်၊ ဆရာတော်ကြီးရဲ့အိပ်မက်အလိုအရ တောင်အောက်က တောထဲမှာ ကျောက်တုံးကြီးတစ်တုံးရှိတယ်၊ အဲဒီကျောက်တုံးကြီးကို တောင်ပေါ်အရောက်သယ်ပြီး ဘုရားတည်ရမယ်လို့ မက်တယ်၊ ဒါနဲ့ရွာသားတွေစုပြီးကျောက်တုံးကြီး ရှာကြတယ်၊ တကယ်လည်းတွေ့တယ်၊ ကျောက်တုံးရဲ့အလေးချိန်က ပိဿာ ၃၀၀ ကျော်လေးတယ်၊ ကျောက်တုံးကြီးကို လူအင်အား၊ နွားအင်အားတွေနဲ့ ခက်ခက်ခဲခဲ တောင်ပေါ်အထိသယ်ယူကြရပါတယ်၊ ဆရာတော်ကြီးက အိပ်မက်အရ ကျောက်တုံးကြီးကို ထုဆစ်ပြီးကျောက်ထီးရိုးစေတီကိုတည်ခဲ့ပါတယ်"ဟုပြောသည်။

စေတီပုံမှာအခြားစေတီများနှင့်မတူဘဲ တစ်မူထူးခြားနေသည်။ ကျောက်တုံးပတ်လည်တွင် နဂါးလေးကောင်ဝန်းရံပုံနှင့် ကျောက်တုံးမျက်နှာပြင်ပေါ်တွင် ငါးကြင်းတစ်ကောင်၏ပုံကို အကွက်ဖော်ထားပြီး ကျောက်တုံးအောက်ခြေတွင် ကြာပလ္လင်ခံထားသည်။ကျောက်တုံးအထက်တွင် စေတီတည်ထားပြီး စေတီပတ်လည်တွင် ကျောက်တုံးငယ်များဝန်းရံထားသည်။ စေတီ၏ လုံးပတ်အဝန်းမှာ ၁၈တောင်ရှိပြီး မလွန်မြို့ဟောင်းနှင့်နီးသဖြင့် ကမ္ဘာလှည့်ခရီးသွားများလမ်းကြုံလျှင် ကျောက်ထီးရိုးစေတီအား ဝင်ရောက်လေ့လာကြောင်း ပြောပြသည်။

မကွေးလှမြင့်

အထကဗထူး (ယခင်တပ်မတော်ကလေးများအထက်တန်းကျောင်း) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၄

အထကဗထူး (ယခင်တပ်မတော်ကလေးများအထက်တန်းကျောင်း)၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက် (စနေနေ့)တွင် ဗထူးတပ်မြို့ အထက၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မှလိုက်ပါကြမည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် အစီအစဉ်အသေးစိတ်ကို ယခင်နှစ်များက အမှုဆောင်အဖွဲ့များထံသို့ ဆက်သွယ်မေးမြန်းစာရင်းပေးကြပါရန်နှင့် အလှူငွေများထည့်ဝင်နိုင်ကြောင်းနှင့် ငွေပဒေသာပင် KBZ 0211220108793 သို့လည်း ထည့်ဝင်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကျိုက်ထီးရိုးစေတီရင်ပြင်၌ စာပေရေချမ်းစင်ဖွင့်လှစ်

သထုံ အောက်တိုဘာ ၂၄

မြန်မာနိုင်ငံ၏ ထင်ရှားကျော်ကြားပြီး တန်ခိုးကြီးစေတီတစ်ဆူဖြစ်သည့် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ဘုရားဖူးကုသိုလ်ပြုရင်း စာပေဗဟုသုတများကို ရှာမှီးနိုင်ရန်အတွက် ယခုနှစ် တောင်တော်ဖွင့်ရာသီကာလတွင် အောက်တိုဘာ ၁၇ ရက် မှစတင်ကာ စာပေရေချမ်းစင်ကို စေတီတော်ဂေါပကအဖွဲ့က စီစဉ်ထားရှိပေးခဲ့သည်။

ဘုရားဖူးလာပြည်သူတစ်ဦးက "ဘုရားဖူးတဲ့သူတွေများလွန်းတော့ တည်းခိုစရာနေရာက မရှိဘူးလေ။ ရင်ပြင်တော်ပေါ်မှာပဲတည်းရတော့ အခုလိုစာအုပ်စာပေတွေဖတ်ပြီး ဗဟုသုတရှာရင်း အချိန်ကိုအကျိုးရှိရှိ အသုံးချနိုင်တာပေ့ါ။ ကုသိုလ်လည်းရ၊ ဗဟုသုတလည်းရဆိုတော့ အရမ်းအဆင်ပြေပါတယ်"ဟု စာဖတ်နေရင်းပြောပြသည်။ အဆိုပါ စာပေရေချမ်းစင်တွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက သုတ၊ ရသ မဂ္ဂဇင်းစာအုပ် ၃၀၀၊ စေတီတော်ဂေါပကအဖွဲ့နှင့် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က စာအုပ် ၁၃၄ အုပ်တို့ကို လှူဒါန်းထားရှိပေးထားပြီး နေ့စဉ်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သက်ဦး(သထုံ)

စီးပွားရေးကြော်ငြာ

အလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)

Luckly Family Trading Co.,Ltd. တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(၁) အရောင်းဝန်ထမ်း၊ ဈေးကွက်ရှာဖွေသူ - ကျား/မ (၅)ဦး
(၂) စကားပြန်(ကိုရီးယား) - ကျား/မ (၅)ဦး
(၃) ကိုရီးယားကားပြင်နိုင်သူ - ကျား(၅)ဦး

(အင်္ဂလိပ်လိုပြောနိုင်သူကို ဦးစားပေးမည်။) လျှောက်ထားလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

အမှတ်(၆/၇)၊ အေဝမ်းလမ်း၊ မင်္ဂလာဒုံစက်မှုဇုန်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၃၁၅၂၉၄၂၃၊ ၀၉-၃၁၅၂၉၆၃၂

မြေကွက်များဝယ်လိုသည်

ဒဂုံမြို့သစ်တောင်ပိုင်းနှင့်ဆိပ်ကမ်းရှိ မြေကွက်များဝယ်လိုသည်။

ဖုန်း-၀၉-၄၂၅၂၈၉၀၀၄၊ ၀၉-၄၂၅၂၈၉၀၀၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်(ကျူး)၊ မြေကွက်အမှတ်-၇၄၀၊ မြေကွက်တည်နေရာအမှတ်-၄၊ (၉)လမ်းသွယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်း (ဒေါ်လှသန်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်လှသန်း ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်အေးအေးမာ[၁၂/သဃက(နိုင်)၀၉၀၁၇၃]က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဂရန်သစ်လျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉စီ)၊ မြေကွက်အမှတ်(၄/ည၉)ဧရိယာ(၀. ၀၇၆)ဧကရှိ မြေကွက်ကြီးအနက်မှ ပေ(၂၅ × ၆၀)ရှိ မြေပိုင် လ/န ၃၉ ရရှိပြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၉၅၈)၊ နိဗ္ဗာန်(၂)လမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများ (၁)နော်အက်စတာ၊ (၂)နော်အယ်မူးနား၊ (၃)စောစတီဗင်၊ (၄)စောအောင်လွင်၊ (၅)စောသောင်းလှ၊ (၆)နော်ရှယ်လီဒွေး၊ (၇)စောထော်မူးဝါး (ခ)ထွန်းမြတ်ကျော်၊ (၈)စောမျိုးကျော်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စကို (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဝင်းနိုင်(စဉ်- ၇၈၄၈) ဒေါ်အေးပွင့်ဖြူ(စဉ်-၂၈၇၀၁) ဒေါ်ကြည်ကြည်ထွေး(စဉ်-၃၀၃၂၀)
(တရားလွှတ်တော်ရှေ့နေ) (အထက်တန်းရှေ့နေများ)

အမှတ်(၁၇)၊ (၄)လွှာ၊ မလွှကုန်းလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်။

ဖုန်း-၀၉-၂၀၁၆၉၉၈၊ ၀၉-၇၃၀၅၅၅၇၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်-၂၀၊ မြေကွက်တည်နေရာအမှတ်(၂၀)၊ ပျဉ်းကတိုးလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြောက် (ဦးသူရိန်တင်ဝင်း) [၉/ခအဇ(နိုင်)၀၀၂၆၇၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသူရိန်တင်ဝင်း[၉/ခအဇ(နိုင်)၀၀၂၆၇၄]ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန်မိတ္တူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်-၄၅၄၊ မြေကွက်တည်နေရာအမှတ်(၄၅၄)၊ ဗိုလ်မင်းရောင်လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက် (ဦးမောင်မောင်စိုး)(ISN-၁၄၆၅၃၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်စိုး ၅-၆-၂၀၀၀ ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်တင်ရွှေ[၁၂/ဥကတ(နိုင်)၁၁၇၆၃၅]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လှိုင်မဟာစည်ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားခြင်း

လှိုင်မဟာစည်၏ (၃၅)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် မိဂဒါဝုန်ဝိပဿနာသင်တန်း (၁၇)ရက်တရားစခန်းသိမ်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လှိုင်မဟာစည်ယောဂီများ၊ အကျိုးတော်ဆောင်များ၊ ဖြတ်ပိုင်းအကျိုးတော်ဆောင်များ၊ စုဘူးအလှူရှင်များ၊ ဝေယျာဝစ္စအလှူရှင်များ၊ ဓမ္မမိတ်ဆွေများအားလုံး မပျက်မကွက်(ဆက်ဆက်) ကြွရောက်တော်မူကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်	-	(၁၃၇၅ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ရက်) ၃-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	-	နံနက် ၉း၀၀နာရီတိတိ (နံနက် ၈ နာရီခွဲအရောက် ကြွရောက်တော်မူကြပါရန်)
ကျင်းပမည့်နေရာ	-	သာသနာ့ဗမာရ်အောင်ဓမ္မာရုံတော်ကြီး၊ လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်၊ ယောဂီကျောင်းလမ်း၊ ၁၁ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၂၆၁၈၂၊ ၅၁၉၇၅၀

ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၏ စုပေါင်းမဟာဘုံကထိန်ပင့်လျှောက်ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့၊ ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ စုပေါင်းမဟာဘုံကထိန်ပွဲတော် အလှူမင်္ဂလာကို (၈၀)ကြိမ်မြောက် (၁၃၇၅ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ရက်) ၁၃-၁၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်တော်မူကြပါရန် ရပ်ဝေးရပ်နီးအသီးသီးမှ ကိုင်းကုန်းနွယ်ဝင် ဆရာတော်၊ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့ထံ လက်လှမ်းမီသမျှ ပင့်လျှောက်လွှာ၊ ဖိတ်ကြားလွှာများ ဆက်ကပ်၊ ပေးပို့ပြီးဖြစ်ပါသည်။

ပင့်လျှောက်ဖိတ်ကြားလွှာများ မရောက်လျှင်လည်း ဤသတင်းစာပါ ပင့်လျှောက်/ဖိတ်ကြားလွှာကို အသိအမှတ်ပြု၍ ကြွရောက်တော်မူကြပါရန် ရိုသေလေးစားစွာ အကြောင်းကြားသိစေပါသည်။

ဝေယျာဝစ္စအဖွဲ့
ကိုင်းကုန်းကျောင်းတိုက်

စစ်တက္ကသိုလ် အပတ်စဉ်(၁၃) ဒုတိယအကြိမ် ဆရာကန်တော့ပွဲ

စစ်တက္ကသိုလ်အပတ်စဉ်(၁၃) ကျောင်းဆင်းများ၏ ဒုတိယအကြိမ်ဆရာကန်တော့ပွဲကို ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂ရက်(စနေနေ့) နံနက် ၉း၀၀နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဓမ္မာရုံတွင် ကျင်းပပြုလုပ်ပါမည်။

ကျောင်းဆင်းသူငယ်ချင်းရောင်းရင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဆရာကန်တော့ပွဲအတွက် မိမိတို့စေတနာအလျောက် တတ်နိုင်သမျှ အလှူငွေ/ပစ္စည်းများ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်

ခင်အောင်	ဖုန်း-၀၉၇၃၂၀၈၆၇၁	သန်းအောင်	ဖုန်း-၀၉၈၆၃၂၀၆၄
အောင်မြင့်	ဖုန်း-၀၉၅၁၃၂၅၂၀	ဝင်းကြည်	ဖုန်း-၀၁-၇၀၅၄၈၂
ကိုကိုထွေး	ဖုန်း-၀၉၅၀၁၄၈၂၁	မောင်မောင်ဝင်း	ဖုန်း-၀၉၅၀၁၉၃၈၉

ကျောင်းအလှူဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင်သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ၃ ထပ်ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

အရေးကြီးတဲ့ကိစ္စရှိရင်လာခဲ့ပါ

အမျိုးသမီးများ၏ အခက်အခဲများကို အထူးဦးစားပေး ဆောင်ရွက်ပေးပါသည်။ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။ **အခန်း(၄)၊ မဟာဝိဇယစေတီ၊ ခြသေ့်နှစ်ကောင်အနီး၊ Prof.PH.D ဒေါက်တာခင်မျိုးတင့်၊ မြန်မာ့ဗေဒင်နဝင်းစီးပညာ**

မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA)

ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွှေရတုအကြို)
(၄၉)နှစ်မြောက် တည်ထောင်သောနေ့အထိမ်းအမှတ်

(၁၉)ကြိမ်မြောက်အာစရိယပူဇော်ပွဲ

ကျင်းပမည့်နေ့ရက်-၂၉-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်-နံနက် ၈း၃၀ နာရီ
ကျင်းပမည့်နေရာ-ရန်ကုန်စီးပွားရေးတက္ကသိုလ်(ပင်မ)မြက်ခင်းပြင်(ကမာရွတ်မြို့နယ်)

စီးပွားရေးတက္ကသိုလ်များ(ရန်ကုန်၊ ရွှာသာကြီး၊ မုံရွာ၊ မိတ္ထီလာ)တို့မှ အငြိမ်းစားဆရာကြီး၊ ဆရာမကြီး(၂၀၀)ကျော်တို့အား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ စီးပွားရေးတက္ကသိုလ်များမှ ဘွဲ့/ဒီဂရီ/ဒီပလိုမာ အောင်လက်မှတ်ရရှိပြီးသူများ၊ စီးပွားပညာမျိုးဆက်သစ်များ၊ စီးပွားရေး စာပေးစာယူ/အဝေးသင်ကျောင်းသား၊ ကျောင်းသူအားလုံး ပူးပေါင်းပါဝင် ကန်တော့ပန်းဆင်နိုင်ရန်ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်

စတုဒိသာနိဗ္ဗာန်ဈေးပွဲတော်၊ ညနေခင်းဈေးပွဲတော်နှင့် ဂီတဆည်းဆာဖျော်ဖြေရေးများ စီစဉ်ထားပါ၍ (MIEGA) ဗဟိုအလုပ်အမှုဆောင်များ၊ ဘွဲ့ရနှစ်အလိုက်၊ အဆောင်များအလိုက်၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ၂၇-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)နှင့် နိုဝင်ဘာ၊ ဒီဇင်ဘာ၊ (တနင်္ဂနွေနေ့တိုင်း) မွန်းလွဲ ၂နာရီတွင် အခန်း(၁၀)၊ နီလာရတုခန်းမသို့ ညှိနှိုင်းပြင်ဆင်အစည်းအဝေးများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ရွှေရတုအကြိုပူဇော်ပွဲကျင်းပရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၃)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ(၀. ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကိုလေးအမည်ပေါက်ဂရန်မြေကွက်အား ပိုင်ဆိုင်သူဟုအဆိုပြုသူ ဦးကိုလေးထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကျော်ဦး	**ဒေါ်နွယ်နွယ်စန်း**	**ဒေါ်ဆင့်ဆင့်**
(တရားလွှတ်တော်ရှေ့နေ)	**(တရားလွှတ်တော်ရှေ့နေ)**	**(တရားလွှတ်တော်ရှေ့နေ)**

၈၉လမ်း၊ ၃၅နှင့်၃၆လမ်းကြား၊ ဒေးဝန်းအရှေ့ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၉-၂၀၂၂၂၄၃၊ ၀၉-၆၈၁၇၃၃၁၊ ၀၉-၂၀၁၂၄၉၇၊ ၀၉-၂၀၂၄၀၄၆

25-10(19).pmd 1 10/23/2013, 10:22 PM

ရေကြည်မြို့ ကျောင်းသား/သူဟောင်းများ (ရန်ကုန်)

မြင့်မြတ်သော ကျေးဇူးရှင် ဆရာတို့၏ဂုဏ်ကို ကျေးဇူးသိတတ်သောအားဖြင့် ရေကြည်မြို့ ကျောင်းသား/သူဟောင်းများ၏ ဆရာကန်တော့ပွဲအခမ်းအနားကို အစဉ်အလာမပျက်၊ နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင် **(၂၇)ကြိမ်မြောက်**ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ **၂၇-၁၁-၂၀၁၃ရက်(အမျိုးသားနေ့)(ဗုဒ္ဓဟူးနေ့)** တွင် ကျရောက်မည့် ရေကြည်မြို့ ကျောင်းသား/သူဟောင်းများ၏(၂၇)ကြိမ်မြောက် ဆရာကန်တော့ပွဲ အခမ်းအနားကိုလည်း ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါကြောင်းနှင့် ရန်ကုန်ရောက် ရေကြည်ကျောင်းသား/သူဟောင်းများ အကြိုညှိနှိုင်းဆွေးနွေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၃-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)

အချိန် - မွန်းတည့် ၁၂:၀၀ နာရီတိတိ

နေရာ - အထက (၆)၊ ဗိုလ်တထောင်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန် - ဆရာ ဦးကြည်သန်း ၀၉ ၅၀၃ ၇၈၃၈၊ ဒေါ်သဇင် ၀၉ ၅၁၉၂၁၀၉
ဦးသက်နိုင် ၀၉ ၄၂၀ ၃၃၀၄၆၃၊ ဦးစောထွန်းဝေ ၀၉ ၅၁၇၅၂၄၃
ဒေါ်နွဲ့နွဲ့အေး ၀၉ ၅၀၅ ၉၂၉၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၈၄/ခ)၊ မြေကွက်တည်နေရာအမှတ်(၈၄/ခ)၊ တကောင်း(၅)လမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဦးသောင်းထွန်း) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးသောင်းထွန်း ကွယ်လွန်သဖြင့် ဒေါ်အုန်း [၁၂/ဥကတ(နိုင်)၀၁၄၀၂၂]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၂၆၃/က)၊ မြေကွက်တည်နေရာအမှတ်(၂၆၃/က)၊ မင်းရဲကျော်စွာ(၁)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးတင်ဦး) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ဦးနှင့်ဇနီးဒေါ်တင်လှိုင် ကွယ်လွန်သဖြင့် ဒေါ်စန်းစန်း[၁၂/မဂဒ(နိုင်)၀၁၅၇၉၃]၊ ဒေါ်ရီရီနွဲ့[၁၂/ဥကတ(နိုင်)၁၂၀၅၂၅]၊ ဒေါ်သက်သက်ဝင်း[၁၂/ဥကတ(နိုင်)၁၂၃၉၈၈]တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်လမ်း၊ အမှတ်(၅၁)၊ (၄)ခန်းတွဲ၊(၇)ထပ်၊ အဆောက်အအုံ(၂) အခန်းအမှတ်(၇လွှာ-ဘီ)၊ ပေ(၁၅×၅၀)ရှိ အခန်းနှင့်ပတ်သက်၍ ဒေါ်တင်တင်ဦးနှင့်အများပြည်သူသိစေရန် အသိပေးကြေညာချက်

အထက်ဖော်ပြပါအခန်းအားဦးထွန်းကြိုင်[၉/မထလ(နိုင်)၀၄၅၂၃၆]နှင့်ဇနီးဒေါ်တင်တင်ဦး[၁၄/ဒဖန(နိုင်) ၀၈၃၇၂၈]တို့ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။ဦးထွန်းကြိုင်၏ဇနီးဖြစ်သူ ဒေါ်တင်တင်ဦးကလုပ်ငန်းကိစ္စအကြောင်းပြလျက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁)ဒေါ်မြင့်မြင့်အေး[၁၂/ဗဟန(နိုင်)၀၃၈၉၈၅]၊ (၂)ဒေါ်သန်းသန်းဌေး[၁၂/ဗဟန(နိုင်)၀၃၉၀၀၂]နှင့် ဒေါ်နန္ဒာအောင်[၁၂/ကတတ(နိုင်)၀၂၈၈၅၉]တို့ထံမှ ငွေကျပ်သိန်းသုံးရာကျော်အား ယုံမှတ်အပ်နှံခြင်းကတိစာချုပ် ချုပ်ဆိုရယူခဲ့ပြီး ဒေါ်တင်တင်ဦးတို့ပိုင် အထက်ဖော်ပြပါ တိုက်ခန်း၏တရားဝင်ပိုင်ဆိုင်မှုစာရွက်စာတမ်းများအား ဒေါ်မြင့်မြင့်အေးထံသို့ ယုံကြည်စေရန် အဆိုပြု၍ပေးအပ်ထားပါသည်။

ဒေါ်တင်တင်ဦးအနေဖြင့် ကျွန်ုပ်မိတ်ဆွေများထံမှ ရယူထားငွေများကိုပြန်လည်ပေးအပ်ရန် အကြိမ်ကြိမ် ပျက်ကွက်နေပြီး ဒေါ်တင်တင်ဦးအားဆက်သွယ်၍မရဖြစ်နေကြောင်းသိရှိရပါသည်။ သို့ပါ၍ ဒေါ်တင်တင်ဦးရယူထားငွေများအား၁၅-၁၁-၂၀၁၃ရက် နောက်ဆုံးထား၍ ကျွန်ုပ်မိတ်ဆွေများထံ မပျက်မကွက်ပြန်လည်ပေးအပ်ရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်ပါသည်။

ဒေါ်မြင့်မြင့်အေး၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်နန္ဒာအောင်တို့၏လွှဲအပ်ချက်အရ-

(ဒေါ်မြင့်မြင့်အေး)(ဒေါ်သန်းသန်းဌေး)
(ဒေါ်နန္ဒာအောင်)
လွှဲအပ်ညွှန်ကြားသူများ

ဒေါ်ခင်စန်းမြင့် B.A (Law),LL.B
တရားလွှတ်တော်ရှေ့နေ(စဥ်-၂၀၆၉)
တိုက်(၁/၈)၊ မြကန်သာအိမ်ရာ၊(၂)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၂၇၃၁၄၊ ၀၉-၄၃၀၈၄၃၂၃

ဒေါ်ခင်ချောနွယ်[၁၂/ကမတ(နိုင်)၀၁၄၆၈၃]နှင့်အများသိစေရန်ကြေညာချက်

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်း- ၂၆၊ F5၊ မြေကွက်အမှတ်(၅၁)၊ (၂၅ × ၄၉ပေ ၁၀လက်မ) နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ် (၇၈)၊ သရက်တော(၂)လမ်းဟုခေါ်တွင်သော နေအိမ်အမည်ပေါက် ဒေါ်ခင်ချောနွယ် [၁၂/ကမတ(နိုင်) ၀၁၄၆၈၃]က ဦးစောဘထွန်း(ခ) ဦးမြလွင် [၁၂/သကတ(နိုင်)၀၃၅၅၂၁]ထံမှ အထက်ပါ အိမ်မြေအရောင်းအဝယ်အတွက် စရန်ပေးစာချုပ်ချုပ်ဆိုပြီး စရန်ငွေအချို့လက်ခံရယူထားခဲ့ပါသည်။ ၁၆-၁၀-၂၀၁၃ ရက်တွင် ချိန်းဆိုထားသည့်အတိုင်း ဦးစောဘထွန်း(ခ) ဦးမြလွင်က ကျန်ငွေပေးချေရန် အထက်ပါနေအိမ်သို့ သွားရောက်သောအခါတွင် ဒေါ်ခင်ချောနွယ်က လက်ခံရယူနိုင်ခြင်းမရှိသဖြင့် သက်ဆိုင်ရာ သရက်တောတောင် အုပ်ချုပ်ရေးမှူးရုံး၌ ဝင်စာဖြင့် ကျန်ငွေပေးချေကြောင်း ထောက်ခံချက်ကို ရယူခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ဦးစောဘထွန်း(ခ) ဦးမြလွင်မှ ဒေါ်ခင်ချောနွယ်အား နေအိမ်ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းပေးချေကာ အရောင်းအဝယ် ပြုလုပ်ထားပြီးဖြစ်ပါသဖြင့် ဒေါ်ခင်ချောနွယ် အပါအဝင် မည်သူမဆို အထက်ပါ မြေနှင့်အိမ်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူပေးပါရန် ကျွန်ုပ်အား ညွှန်ကြားထားပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ဇော်မြတ် (LL.B)
တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေအကြံပေး (စဥ်-၈၅၀၉)
အမှတ်(၅၅)၊ ဒုထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၇၃၀၅၄၃၃၉၊ ၀၉- ၅၄၀၂၇၅၂

အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ပုသိမ်တက္ကသိုလ်(၁၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနား (ခန်းမတွင်း)ဓာတ်ပုံရိုက်ကူးခွင့်လုပ်ငန်းနှင့်၂၀၁၄ခုနှစ်အတွက် ပုသိမ်တက္ကသိုလ်ပရဝဏ်အတွင်း ဓာတ်ပုံရိုက်ကူးခွင့် လုပ်ငန်းများအတွက် လုပ်ငန်းဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်ဈေးနှုန်းလွှာများတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာတင်သွင်းရန် လျှောက်လွှာပုံစံများကို ၁-၁၁-၂၀၁၃ရက်(သောကြာနေ့)မှစ၍ ရုံးဖွင့်ရက်ရုံးချိန်အတွင်းတစ်စုံလျှင်၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ဖြင့်ပုသိမ်တက္ကသိုလ် ဌာနမှူး(စီမံ/ဘဏ္ဍာ)ရုံးခန်း၌ ဓာတ်ပုံလုပ်ငန်းလိုင်စင်မူရင်းပြသ၍ ဝယ်ယူပြီး ၂၁-၁၁-၂၀၁၃ရက်(ကြာသပတေးနေ့)နံနက် ၁၀ နာရီနောက်ဆုံးထားလျက် လုပ်ငန်းတစ်ခုချင်းအလိုက် ဈေးနှုန်းလွှာတစ်စောင်စီကိုလုပ်ငန်းဆောင်ရွက်လိုသူကိုယ်တိုင် ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအပေါ်ထပ်အစည်းအဝေးခန်းမ၌ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ထံသို့ လာရောက်တင်သွင်းရမည်။

၃။ တင်ဒါခေါ်ယူရေးအဖွဲ့မှ ဈေးနှုန်းလွှာများကိုစိစစ်၍ ချက်ချင်းရွေးချယ်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိလိုပါက ဌာနမှူး(စီမံဘဏ္ဍာ)တယ်လီဖုန်းအမှတ် ၀၄၂-၂၄၃၁၅ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဓာတ်ပုံလုပ်ငန်းတင်ဒါခေါ်ယူရေးအဖွဲ့
ပုသိမ်တက္ကသိုလ်

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ်(၃၁၈/က)၊ မြေကွက်တည်နေရာအမှတ်(၄၁)၊ အောင်ဇေယျ(၆)လမ်းရှိ မြေကွက်အမည်ပေါက် ဦးကျော်ဟန် [မြေငှားစာချုပ်အမှတ်(၅၉၅/၉၇)]မှ ဒေါ်ညွန့်ရွှေ [၁၂/သဃက(နိုင်)၀၈၈၂၇၃]သို့ အမည်ပြောင်း တင်ပြလာသဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးထွန်းကျော်၏ ပဲ့နင်းမှူးလက်မှတ် (REV: 0598/08) ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။

ဦးထွန်းကျော် C/O ၀၉၇၃၀၆၇၁၆၉

သွေးသည်အသက်

အမိုးဒိုင်း ကန်ထရိုက်တာဦးတင်မောင်လွင်[၁၂/ဥကမ(နိုင်)၀၀၄၃၀၀]သိစေရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပတ္တမြားရပ်ကွက်၊ ကမ်းနားအနောက်၊ နီလာလမ်း၊ အမှတ်(၁၀၅)နေ ဦးတင်မောင်လွင် [၁၂/ဥကမ(နိုင်) ၀၀၄၃၀၀]သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၂- အမှတ်(၁၁၁) ရှိ MKT Construction Co., ၏ ယမုံနာ ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ အဆောက်အအုံအတွက် အမိုးနှင့်ဒိုင်းမြားလုပ်ငန်းကို ပစ္စည်းအပါအဝင် ၁၅-၉-၂၀၁၃ရက်အတွင်း အပြီးတပ်ဆင်ဆောင်ရွက်ပေးရန် ငွေကျပ် - ၁၃၈၀၀၀၀ိ/- တိတိဖြင့် သဘောတူ ကတိပြုလက်ခံခဲ့ပါသည်။ ဦးတင်မောင်လွင်သည် ၉-၉-၂၀၁၃ရက်တွင် ကြိုတင်ငွေကျပ် ၄၀၀၀၀၀ိ/-ကိုလည်းကောင်း၊ ၁၄-၉-၂၀၁၃ရက်တွင် ငွေကျပ် ၃၀၀၀၀၀ိ/-ကိုလည်းကောင်း၊ ၂၃-၉-၂၀၁၃ရက်တွင် ငွေကျပ် ၄၀၀၀၀၀ိ/- ကိုလည်းကောင်း၊ စုစုပေါင်းငွေကျပ် ၁၁၀၀၀၀၀ိ/- (ကျပ်တစ်ဆယ့်တစ်သိန်းတိတိ)ကို ကုမ္ပဏီမှ ထုတ်ယူသွားသော်လည်း ယနေ့တိုင် လုပ်ငန်းပြီးစီးအောင် လာရောက်ဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်လျက်ရှိပါသည်။

သို့ပါ၍ ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေ ကုမ္ပဏီထံသို့လာရောက်ရှင်းလင်းစေလိုပါသည်။ ပျက်ကွက်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း ကြိုတင်အသိပေးအကြောင်းကြားပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ငြိမ်းဌေး B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၇၁)
၅၈၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၂၃၉၄

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာ၊ မြေကွက်အမှတ်(၇၁၃) အမည်ပေါက် ဦးကျော်ငွေ မှတ်ပုံတင်အမှတ် [၁၂/ကတန(နိုင်) ၀၅၄၀၄၄]၏မြေကွက်ကိုလက်ရှိ လက်ဝယ်ပိုင်ဆိုင်သူ ဦးကျော်သူအောင်၊ မှတ်ပုံတင်အမှတ် [၁၂/ကမတ(နိုင်)၀၆၆၈၀၆]မြေကွက်စလစ်(မူရင်း) ငွေသွင်း ချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်း မရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ်(၄၉၂) အမည်ပေါက်ဒေါ်ရီမှတ်ပုံတင်အမှတ်(CI-၀၅၉၀၂၃)၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ထွေးထွေးမှတ်ပုံတင်အမှတ်[၁၂/မရက(နိုင်) ၀၁၁၆၆၁]မှ မြေကွက်စလစ်(မူရင်း)နှင့် အရောင်း အဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ်(၁၆၁၇) အမည်ပေါက် ဒေါ်နွဲ့တင် မှတ်ပုံတင်အမှတ် (SRM-၀၂၆၃၃၇)၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ထွေးထွေး မှတ်ပုံတင်အမှတ် [၁၂/မရက(နိုင်)၀၁၁၆၆၁]မှ မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များ တင်ပြပြီးမြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အထူးကျေးဇူးတင်ရှိခြင်း

ဝဏ္ဏကျော်ထင်မဟာသဒ္ဓမ္မဇောတိကဓဇ ကမ္ဘာ့ဝိပဿနာတရားပြဆရာကြီးဦးဂိုအင်ကာ၏ အရိုးပြာများကို ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၇ရက်၌ အိန္ဒိယနိုင်ငံ၊ မွမ်ဘိုင်းမြို့မှ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ ပြန်လည်သယ်ယူလာခဲ့ပါသည်။ အဆိုပါ အရိုးပြာများကို သယ်ယူပို့ဆောင်ရေးကိစ္စ ချောမွေ့စွာ ပြီးမြောက်စေရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်အသီးသီးနှင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့သူများအား ကွယ်လွန်သူဆရာကြီးဦးဂိုအင်ကာ၏ မိသားစုက ရှေးဦးစွာအထူးကျေးဇူးတင်ရှိပါသည်။

အဆိုပါ ဆရာကြီးဦးဂိုအင်ကာ၏ အရိုးပြာများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့၌ လှည့်လည်အပူဇော်ခံခြင်း၊ အရိုးပြာများကို ရန်ကုန်မြစ်နှင့် ဧရာဝတီမြစ်အတွင်းတို့၌ ရေမျှောခြင်း လုပ်ငန်းကိစ္စအဝဝ ချောမောအောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ပုဂ္ဂိုလ်များဖြစ်သည့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဒေါက်တာအရှင်ဉာဏိဿရ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဦးရဲမြင့်နှင့် အဖွဲ့ဝင်ဝန်ကြီးများ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဦးလဂွန်ငန်ဆိုင်းနှင့်အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ အဆင့်ဆင့်သော တာဝန်ရှိပုဂ္ဂိုလ် အသီးသီးတို့အားလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာဓမ္မဂီရိဝိပဿနာအဖွဲ့မှ အမှုဆောင်များနှင့် ဆရာကြီး၏ယောဂီတပည့်အပေါင်းတို့အားလည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Goutam Mukhopadlaya နှင့်တကွ အိန္ဒိယနိုင်ငံသံရုံးမှအရာရှိများ၊ ဝန်ထမ်းများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များတို့အားလည်းကောင်း၊ သတင်းစာများနှင့် ဂျာနယ်များ၌ဝမ်းနည်းကြောင်း ဖော်ပြကြသည့် မိတ်သဂ်ဟအပေါင်းတို့အားလည်းကောင်း၊ ဝမ်းနည်းကြောင်းဖော်ပြကြသည့် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များအားလည်းကောင်း၊ စာဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ အီးမေးလ်ဖြင့်လည်းကောင်း၊ ဝမ်းနည်းစကားဖော်ပြကြသည့်သူငယ်ချင်းများ၊ မိတ်ဆွေသဂ်ဟအပေါင်းတို့အားလည်းကောင်း၊ ဆရာကြီးအားကြည်ညိုလေးစား၍ လှည့်လည်အပူဇော်ခံသည့်အခါ ဂါရဝပြု ကြည်ညိုခဲ့ကြသည့် ရဟန်းရှင်လူ မြန်မာပြည်သူ ပြည်သားအပေါင်းတို့အားလည်းကောင်း၊ အထက်ပါဆရာကြီး၏အရိုးပြာအိုးသယ်ဆောင်လာခြင်းနှင့် အရိုးပြာများကို ရေမျှောခြင်း အစီအစဉ်သတင်းများကိုဖော်ပြပေးသော ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန၊ MRTV-4၊ Sky Net ရုပ်သံလွှင့်ဌာနများ၊ FM ရေဒီယို အသံလွှင့်ဌာနများ၊ အများပြည်သူဝန်ဆောင်မှုသတင်းစာများ၊ ပုဂ္ဂလိကသတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများ၊ စာစောင်များအားလည်းကောင်း၊ သတင်းရယူတင်ဆက်ပေးခဲ့ကြသော စာနယ်ဇင်းသတင်းထောက်အသီးသီးတို့အားလည်းကောင်း ကွယ်လွန်သူ ဆရာကြီးဦးဂိုအင်ကာ၏ မိသားစုက အထူးတလည် ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)

ဒုတိယဝန်ကြီးချုပ်(ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်(လေ) (ငြိမ်း) လေ-၁၁၂၇

အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ် (၇၃)၊ တက္ကသိုလ်ရိပ်သာလမ်းနေ (ဦးဦးခိုင်-ဒေါ်အုန်းကြူ)တို့၏သား၊ (ဦးစိန်-ဒေါ်စောညွန့်)တို့၏သားသမက်၊ ဒေါ်တင်တင်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်လှဝင်း-ဗိုလ်မှူးကြီး ချောချောခိုင်၊ ဗိုလ်မှူးကြီး သူရခင်မောင်ဝင်း(ငြိမ်း)၊ ဒေါ်ခင်ခက်ခိုင်၊ ဦးကံလှတင်ထွန်း-ဒေါ်စန္ဒီဆွေ၊ (ဇေယျာတင်ထွန်း)၊ ဦးမျိုးမင်းတင်ထွန်း-ဒေါ်တင်တင်မိုး၊ ဦးကျော်စောအောင်-ဒေါ်ကေကေလျာခိုင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်မင်းသက်တင်ထွန်း၊ မောင်အောင်ဇေယျတင်ထွန်း၊ မရွှေပန်းချီ၊ မရွှေသုန္ဒြီ၊ မရွှေရည်ရွှန်း မျိုးမင်းတို့၏ ချစ်လှစွာသောအဘိုးသည် ၂၁-၁၀-၂၀၁၃ ရက် (တနင်္လာနေ့) ည ၈း၃၀ နာရီတွင် အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းခံစားရပါသည်။

Alcon Myanmar

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်စိန်(ကော့ကရိတ်)

အသက်(၉၀)

သူရဦးအောင်ကို(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)-ဒေါ်မြင့်မြင့်ရီတို့၏မိခင် ဒေါ်စိန်စိန်သည် ၁၄-၁၀-၂၀၁၃ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါ သည်။

ဦးကြည်ဝင်းမိသားစု

Feelအလှကုန်လုပ်ငန်း၊ ရွှေအုန်းပင်အုန်းဆီ/သံလွင်ဆီလုပ်ငန်း

Shwe Myitzu Co.,Ltd.၊ Myanmar Golden Sky Co.,Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း

မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)

အသက်(၈၄)နှစ်

ဒေါ်တင်တင်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်လှဝင်း-ဗိုလ်မှူးကြီး ချောချောခိုင်၊ ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း(ငြိမ်း)၊ ဒေါ်ခက်ခက်ခိုင်၊ ဦးကံလှတင်ထွန်း-ဒေါ်စန္ဒီဆွေ၊ (ဇေယျာတင်ထွန်း)၊ ဦးမျိုးမင်းတင်ထွန်း-ဒေါ်တင်တင်မိုး၊ ဦးကျော်စောအောင်-ဒေါ်ကေကေလျာခိုင်တို့၏ ချစ်လှစွာသောဖခင်သည် ၂၁-၁၀-၂၀၁၃ (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းမောင်-ဒေါ်စောဝင်းဖြူ

မိသားစု

စောဝင်းဖြူကျောက်မျက်ကုမ္ပဏီ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချစ်ဆွေ(ငြိမ်း)

အသက်(၈၅)နှစ်

သူငယ်ချင်းဗိုလ်မှူးချုပ်ညွှန့်ဆွေ- ဒေါက်တာဒေါ်မို့မို့မြတ်တို့၏ ဖခင် ဗိုလ်မှူးချစ်ဆွေ(ငြိမ်း)သည် ၂၁-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူရ(၆၆)မှ သူငယ်ချင်းများ

တစ်လပြည့်ကုသိုလ်ပြုအမျှပေးဝေခြင်း

ဒေါ်ခင်မာမာကြွယ်

အသက်(၅၉)နှစ်

၂၁-၉-၂၀၁၃ ရက် (စနေနေ့) ရန်ကုန်မြို့တွင် ကွယ်လွန်ခဲ့သည့် ဒေါ်ခင်မာမာကြွယ် အသက်(၅၉)နှစ်အားရည်စူး၍ ၂၁-၁၀-၂၀၁၃ရက် တစ်လပြည့်တွင် သံဃာတော် အရှင်သူမြတ် (၅)ပါးကို နေအိမ်သို့ပင့်ဖိတ်ကာ လျှုဒါန်းမှုကုသိုလ်ပြုခဲ့ပါသည်။ ကွယ်လွန်သူဒေါ်ခင်မာမာကြွယ်နှင့်တကွ (၃၁)ဘုံတွင်ရှိကြကုန်သော ပုဂ္ဂိုလ်အပေါင်း၊ သတ္တဝါအပေါင်းတို့သည် ကျွန်ုပ်တို့လှူဒါန်းသော ကောင်းမှုအစုစု၏ ကုသိုလ်အဖို့ကို ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှရကြပါစေ။ 'အမျှ အမျှ အမျှ ယူတော် မူကြပါ'

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရင်မြိုင်(ညောင်လေးပင်)

အသက်(၈၂)နှစ်

ညောင်လေးပင်မြို့နေ (ဦးလွန်းမောင်-ဒေါ်ချစ်မေ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဦးချိုလမ်းသွယ်၊ အမှတ်-၁၅၆(ဘီ)နေ (ဦးတင်ဦး)၏ ဇနီး ဒေါ်ရင်မြိုင် (၈၂)နှစ်သည် ၁၄-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဇော်မြင့်

အသက်(၄၇)နှစ်

ဒေါက်တာအောင်မြင့်-ဒေါ်အေးအေးမူတို့၏သား၊ ဦးကိုကြီး-(ဒေါ်စန်းရီ)တို့၏သားသမက်၊ ဒေါက်တာသိင်္ဂီကိုကြီး၏ခင်ပွန်း ဒေါက်တာဇော်မြင့်သည် ၁၉-၁၀-၂၀၁၃ရက် နံနက်၁၀း၀၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ဆေးတက္ကသိုလ်(၂)၊ ၁၉၈၃(ပထမနှစ်)မှသူငယ်ချင်းများ

ကျေးဇူးအထူးတင်ရှိခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ရန်အောင်မြို့ **'ချိုမာလွင်'** ကုသိုလ်ဖြစ် အခမဲ့ ဆေးကုသခန်းအလှူငွေပေးအပ်ပွဲသို့ ကြွရောက်ချီးမြှောက်တော်မူကြသော ပျော်ဘွယ်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ အာသဘ၊ ဒုဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ ဝိလာသ မန္တလေးဘုရားကြီးတိုက်၊ ပင်းသာကျောင်းဆရာတော်ဘဒ္ဒန္တဇဝန၊ ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ အမှတ်(၇၁) သံချပ်ကာစစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် တပ်မမှူး၊ ၆၀၀၁ တင့်ကားတပ်ရင်း တပ်ရင်းမှူး၊ အရာရှိ၊ အရာခံများ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ အစစအဆင်ပြေအောင် ဆောင်ရွက်ပေးကြသော ဆရာ၊ ဆရာမများ လူကြီးလူငယ်တို့အား အထူးကျေးဇူးတင်ရှိပါသည်။

ဘဒ္ဒန္တကေသဝ(ပျော်ဘွယ်)နှင့်

သစ်လွင် စက်ပစ္စည်းနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

ဦးဝင်းလွင်-ဒေါ်ချိုမာလွင် သား မောင်ဂျက်ထင်အောင်

ဦးဘချိုလမ်း၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းလှအောင်(တံတား)

အသက်(၄၈)နှစ်

ချစ်သူငယ်ချင်းထွန်းလှအောင်

မမျှော်လင့်ဘဲ မိသားစုနဲ့ရုတ်တရက် ခွဲခွာသွားတဲ့အတွက် မင်းရဲ့မိသားစုနဲ့ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါတယ်။ ထာဝရမဟုတ်တောင် တိုက်ဆိုင်မှုရှိတိုင်း မင်းကိုအမြဲသတိရနေမှာပါ။ မင်းတစ်ယောက်ကောင်းရာမွန်ရာဘုံဘဝကို ရောက်ပါစေလို့ ဆုတောင်းပေးပါတယ်။

မင်းရဲ့ငယ်သူငယ်ချင်း သက်လွင်-မော်မော်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၅၈၇/က)နှင့် (၁၅၈၇/ခ)၊ ပေ(၃၀×၆၀)၊ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ၁/ထူပါရုံအရှေ့(၁၈)လမ်း၊ အမှတ်(၁၅၈၇/က)နှင့်(၁၅၈၇/ခ)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်သူ ဦးသန်းဝင်း[၁၂/သကတ(နိုင်)၀၉၉၄၃၃]နှင့် ဒေါ်မိမိအေး [၁၂/သကတ(နိုင်)၀၅၀၇၅၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးနွမ်းစံ [၉/မရမ(နိုင်)၀၅၇၅၁၅]မှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများယူဆောင်၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤမြေနှင့်အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်မျိုး (LL.B,D.B.L,D.A.Psy)

တရားလွှတ်တော်ရှေ့နေ

အမှတ်-၂၇(ဘီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉၄၂၁၀၄၉၇၁၀၊ ၀၉၇၃၀၇၉၅၁၅

ကျေးဇူးသိအလွမ်း

ဦးဘသင်(၄၁)နှစ်မြောက်
ဒေါ်စိန်နှစ် (၃၄)နှစ်မြောက်
ဦးငွေစန်း (၁၁)နှစ်မြောက်
ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ တို့ရဲ့ ကြီးမားလှတဲ့ ကျေးဇူးတွေကို အကြောင်းပြုပြီး
ရက်မှ လပြောင်း၊ နှစ်တွေ ညောင်းလည်း
မပောင်းအဖြစ်၊ အသစ်သစ်မို့
ကျွမ်းချစ်ပါရ၊ ချစ်ညီမနှင့်
တကွသည်းချာ၊ ရတနာတို့
ရည်ကာကောင်းမှု၊ တန်တန်ပြုခဲ့
သာဓုခေါ်ကာ၊ မြတ်ရာဘဝ
ဘုံဌာနမှ၊ သာစွအဆင့်
မြင့်ထက်မြင့်သို့၊ လှမ်းလင့်ရအောင်
ရည်ကြုံဆောင်
ဒေါ်စန်းနွဲ့နှင့် သားသမီးများ၊ မောင်မင်းဒင် (ဇေယျာ)-တယ်
မောင်သန်းနိုင်(ကိုပေါက်)-တင်အေးကြည်သန်း(ကေတီ)၊
ဒေါက်တာဝင်းဇော်-မစာဆို၊ မောင်စည်သူ (ဘိုးချွန်)-စုမြတ်ဝမ်း(ချောစု)နှင့်
မြေးများ-အေးချစ်စန်း၊ သီတာစန်း၊ ဆုနန္ဒီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်ရင်(မိုးကုတ်)

အသက်(၇၁)နှစ်

အမှတ်-၅၄၊ ၆လွှာA၊ ၈၇လမ်း၊ ကန်တော်ကလေး ဒေါ်တင်တင်(ပရိယတ္တိသာသနပါလအသင်း အမှုဆောင်)၏ ခင်ပွန်း ဦးခင်မောင်ရင်(၇၁)နှစ်သည် ၂၀-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက်၉း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးကြေကွဲဝမ်းနည်းရပါကြောင်း။

ပရိယတ္တိသာသနပါလအသင်း၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းဇံ

အသက်(၈၅)နှစ်

အစ်မကြီး ဒေါ်ခင်ကြည်၏ ခင်ပွန်း၊ တူမောင် ဦးသိန်းထွေး-ဒေါ်ခက်ခက်ကြူတို့၏ဖခင် ဦးသိန်းဇံ အသက်(၈၅)နှစ်သည် ၁၂-၁၀-၂၀၁၃ ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးလေးသောင်း-အန်တီဝင်း

ဦးလေးပု

ပညာအလင်းပြစာပေနှင့် ပုံနှိပ်တိုက်မိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/မာန်ပြေ၊ မြေကွက်အမှတ်-၂၁၅၊ မြေကွက်တည်နေရာအမှတ်-၂၁၅၊ သုမနလမ်း၊ (၃)မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ကျင်အေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကျင်အေး(မိခင်)နှင့်ဦးအုန်းမြ(ခ) ဦးတင်ထွန်း (ဖခင်)တို့ ကွယ်လွန်ခြင်း၊ ၎င်းတို့၏သားတစ်ဦးဖြစ်သူ ဦးရဲလင်းထွန်းသည်လည်း လူပျိုကြီးဘဝဖြင့် ကိတ္တိမသား၊ သမီးမွေးစားခြင်းမရှိဘဲ ကွယ်လွန်ခြင်းတို့ကြောင့် ကျန်သား၊သမီးများဖြစ်သည့် ၁။ဦးစိုးလင်းထွန်း[၁၂/သကတ(နိုင်)၁၄၀၇၉၁]၊ ၂။ ဒေါ်ဆုလေးနွယ်[၁၂/သကတ(နိုင်)၁၇၃၅၉၉]တို့ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၁၇၀၉၉/၁၃)ရရှိသူ ဦးရဲမြင့်အောင်[၁၂/သကတ(နိုင်)၀၇၇၇၉၄]မှ သေစာရင်းကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)

ဒုတိယဝန်ကြီးချုပ်(ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)

လေ-၁၁၂၇

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ်(၇၃)၊ တက္ကသိုလ်ရိပ်သာလမ်းနေ ဒေါ်တင်တင်စိန်၏ချစ်လှစွာသောခင်ပွန်း ဒုတိယ ဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)သည် ၂၁-၁၀-၂၀၁၃(တနင်္လာနေ့) ည ၈း၃၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစု
မြန်မာ့လေကြောင်း

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)

ဒုတိယဝန်ကြီးချုပ်(ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)

လေ-၁၁၂၇

အသက်(၈၄)နှစ်

ဗိုလ်မှူးကံလှတင်ထွန်း(ငြိမ်း) - ဒေါ်စန္ဒီဆွေတို့၏ဖခင် ဒုတိယ ဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)သည် ၂၁-၁၀-၂၀၁၃ (တနင်္လာနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စတသ(၂၆)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးသက်နွေစိုး (စတသ-၄၆)

အသက်(၃၀)

ရန်ကုန်မြို့နေ သူငယ်ချင်း ဗိုလ်ကြီးသက်နွေစိုး အသက်(၃၀)သည် ၂၂-၁၀-၂၀၁၃ (အင်္ဂါနေ့) နံနက် ၇း၃၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

"သူငယ်ချင်းကောင်းရာသုဂတိရောက်ပါစေ"

စတသ(၄၆) ကျောင်းဆင်းသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒုရဲမှူးဆလိုင်းဒူးမန်း(ငြိမ်း) သူရ(၁၁) သည် ၁၈-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူရ (၁၁)သင်တန်းဆင်း
ရောင်းရင်းများ

ဝမ်းနည်းကြေကွဲခြင်း

သန်လျင်မြို့၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ ဦးဘဝေလမ်း၊ အမှတ်(၃၃)နေ ဒေါ်ခင်လေးမာ [B.E (Civil)(1977) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ငြိမ်း)]၏ ခင်ပွန်း ဦးအုန်းဖူး အသက်(၆၃)နှစ် [B.E (Civil)(1977)] ပဲခူးသည် ၂၀-၁၀-၂၀၁၃ ရက် ညနေ ၃ နာရီတွင် နေအိမ်၌ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

B.E (Civil)(1977)
ကျောင်းသူ/ကျောင်းသားဟောင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)

ဒုတိယဝန်ကြီးချုပ်(ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)(လေ-၁၁၂၇)

အသက်(၈၄)နှစ်

ဝင်းယူတီဟိုတယ် မန်နေဂျင်းဒါရိုက်တာ ဦးမျိုးမင်းတင်ထွန်း-ဒေါ်တင်တင်မိုးတို့၏ချစ်လှစွာသောဖခင်ကြီး၊ မရွှေရည်ရွှန်းမျိုးမင်း၏ ချစ်လှစွာသောအဘိုး ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း) အသက်(၈၄)နှစ်သည် ၂၁-၁၀-၂၀၁၃(တနင်္လာနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

ဝင်းယူတီဟိုတယ်(မုံရွာ/ပြင်ဦးလွင်)
မန်နေဂျာနှင့်ဝန်ထမ်းများ

အထူးကျေးဇူးတင်ရှိပါကြောင်း

